# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၅)၊ အမှတ်(၃၄၃)


# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိ ဆရာတော်အား ဖူးမြော်ကြည်ညို

နေပြည်တော် စက်တင်ဘာ ၁၂

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၅ မိနစ်တွင် Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိ ဆရာတော် Samdech Preah Abhisiri Sugandha Mohasangharajah Dhipiti BOUR KRY အား သွားရောက်ဖူးမြော် ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်သို့ ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများနှင့် တာဝန်ရှိသူများက သာသနာ့အလံတော်နှင့် နှစ်နိုင်ငံအလံငယ်များ ဝေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်

စာမျက်နှာ ၃ ကော်လံ ၁ ❖



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်၌ ကမ္ဘောဒီးယားနိုင်ငံ သံဃာအဓိပတိ ဆရာတော် Samdech Preah Abhisiri Sugandha Mohasangharajah Dhipiti BOUR KRY အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် စုပေါင်းလှူဒါန်းငွေများ ဆက်ကပ်လှူဒါန်းစဉ်။

## စက်တင်ဘာ ၁၆ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့နံနက်မှ ၁၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၅ ❏

## မိုးကုတ်မြို့၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မိုးကုတ် စက်တင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့တွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ရက်သတ္တပတ် အထိမ်းအမှတ်အနေဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက မြို့မရပ်ကွက် ရှမ်းစုရပ်ရှိ ချမ်းသာကြီးဘုရားဝင်းအတွင်း၌ ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးတင့်လွင်ဌေး၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးကိုကို တို့၏ ဦးဆောင်မှုဖြင့် မိုးကုတ်မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ စုစုပေါင်း ၁၅၀ တို့က မိုးကုတ်မြို့ သာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်းလှမြင့်သိန်း



**ယနေ့ ဖတ်စရာ**


မဟာဗျူဟာမြောက်ခြေလှမ်းများထဲမှ မြန်မာ - ကမ္ဘောဒီးယားခရီးစဉ် — ဆောင်းပါး — စာ ၈

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ထားပြီးဖြစ်သော ကျော်မိုးထွန်း၏ တရားမဝင်လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက် — ပြည်တွင်းသတင်း — စာ ၁၃


## ဖလမ်းမြို့၌ ဆက်သွယ်ရေးကွန်ရက်များ ပြန်လည်ရရှိပြီဖြစ်

ဖလမ်း စက်တင်ဘာ ၁၂

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့၌ စက်တင်ဘာ ၁၂ ရက်မှစ၍ ဆက်သွယ်ရေးကွန်ရက် (MPT )လိုင်းများ ပြန်လည်ရရှိပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

ဖလမ်းမြို့နှင့်တွန်းဇံမြို့တို့တွင် ဆက်သွယ်ရေး (MPT)လိုင်းများ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများကို

စာမျက်နှာ ၃ ကော်လံ ၁ ▼





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ သံဃာ့အဓိပတိ ဆရာတော် Samdech Preah Abhisiri Sugandha Mohasangharajah Dhipiti BOUR KRY ထံ မာရဝိဇယဘုရားကြီး တည်ဆောက်ခဲ့မှု မှတ်တမ်းစာအုပ် ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ကမ္ဘောဒီးယားနိုင်ငံ သံဃာ့အဓိပတိ ဆရာတော် Samdech Preah Abhisiri Sugandha Mohasangharajah Dhipiti BOUR KRY က မြန်မာ – ကမ္ဘောဒီးယား ချစ်ကြည်ရေးအထိမ်းအမှတ် လက်ဆောင်အား ပေးအပ်စဉ်။

❖ *ရှေ့ဖုံးမှ*

အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်းမန်များ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ သံဃာ့အဓိပတိ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားကာ ဆရာတော်ကြီးထံမှ ဩဝါဒများ နာယူကြည်ညိုသည်။ ဆက်လက်၍ ဆရာတော်ကြီးက မြန်မာ-ကမ္ဘောဒီးယားချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံ ကမ်ပုန်စပူးပြည်နယ်၊ ဥဒေါင်းဒေသ၊ အမ်ပါယ်ရောင်ကျေးရွာတွင် အေးငြိမ်းချမ်းသာ မြန်မာဘုန်းတော်ကြီးကျောင်း (International Peace Cambodia – Myanmar Dormitory) တည်ဆောက်လျက်ရှိမှုအခြေအနေကို ရှင်းလင်းမိန့်ကြားရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို မေးမြန်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆရာတော်ကြီးထံ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူနှင့် မာရဝိဇယဘုရားကြီးတည်ဆောက်ခဲ့မှု မှတ်တမ်းစာအုပ်အား လည်းကောင်း၊ လှူဖွယ်ပစ္စည်းများနှင့် စုပေါင်းလှူဒါန်းငွေများအားလည်းကောင်း ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက နိုင်ငံတော်သမ္မတထံ မြန်မာ – ကမ္ဘောဒီးယား ချစ်ကြည်ရေး အထိမ်းအမှတ် လက်ဆောင်အား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးနှင့်အတူ ဗုဒ္ဓတက္ကသိုလ်ကျောင်း ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုကြည်ညိုကြပြီး ဗုဒ္ဓတက္ကသိုလ်မှ ပြန်လည်ထွက်ခွာရာ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများနှင့် တာဝန်ရှိသူများက သာသနာ့အလံတော်နှင့် နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၂**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (ဘုရင့်နောင်)၊ အောင်သရဖူ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရိုးမရတနာ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် Bright Golden Future ကိုယ်ပိုင်အလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

ထို့နောက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**

▼*ရှေ့ဖုံးမှ*

ရန်ကုန်မြို့မှ ဖလမ်းမြို့နှင့် တွန်းဇံမြို့များသို့ မော်တော်ယာဉ်၊ လေယာဉ်တို့ဖြင့် အဆင့်ဆင့် သယ်ယူပို့ဆောင်ခဲ့ပြီး ယခုအခါ ဖလမ်းမြို့တွင် စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သဖြင့် ဆက်သွယ်ရေးကွန်ရက်(MPT)လိုင်းများ ပြန်လည်ရရှိသွားပြီဖြစ်ကာ ဖလမ်းမြို့ ဒေသခံပြည်သူများ အဆင်ပြေစွာ ဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တွန်းဇံမြို့တွင်လည်း ဆက်သွယ်ရေးလိုင်းများ အမြန်ဆုံးပြန်လည်ရရှိရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)မှ ဝန်ထမ်းများက စက်ပစ္စည်းများ တည်ဆောက်တပ်ဆင်ခြင်းကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အနေဖြင့် ချင်းပြည်နယ်အတွင်း ဆက်သွယ်ရေးကွန်ရက်များ ပြန်လည်ရရှိရေးကို အထူးအလေးထား၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ဖလမ်းမြို့နှင့် တီးတိန်မြို့တို့တွင် ဆက်သွယ်ရေးကွန်ရက်(MPT)လိုင်းများ ပြန်လည်ရရှိခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

❏ *ရှေ့ဖုံးမှ*

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကမ်းခြေဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**အိမ်ပြင်ပဋ္ဌထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

ကမ္ဘောဒီးယား နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေး ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ ကမ္ဘောဒီးယား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးမင်းနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဝင်းနှင့် သံရုံး၊ စစ်သံရုံး မိသားစုများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ၎င်းနောက် နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးညွှန့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားရာ ဦးစွာကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် သံရုံး၊ စစ်သံရုံး မိသားစုများ၊ သင်တန်းသားအရာရှိများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

**ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်**

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် ရှည်လျားကောင်းမွန်ပြီး ယခင်ကတည်းက ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုများရှိကြောင်း၊ အလားတူ နှစ်နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ကိုးကွယ်မှုအစဉ်အလာနှင့် သက်ဝင်ယုံကြည်မှုများတွင်လည်း များစွာတူညီမှုများရှိကြောင်း၊ ခေတ်အဆက်ဆက်တွင် နှစ်နိုင်ငံ ခေါင်းဆောင်များ အနေဖြင့်လည်း အပြန်အလှန် ချစ်ကြည်ရေး ခရီးစဉ်များ သွားရောက်ခဲ့ကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများကို တည်ဆောက်ခဲ့ကြကြောင်း၊ အဆိုပါ ကောင်းမွန်သည့် သမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရန် မိမိအနေဖြင့် ယခုကဲ့သို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နှစ်နိုင်ငံသည် မွန်ခမာမျိုးနွယ်များဖြစ်ကြသည်နှင့်အညီ နှစ်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှုများတွင် တူညီမှုရှိကြောင်း၊ စာပေတွင်လည်း မွန်စာပေနှင့် ကမ္ဘောဒီးယားစာပေများ အနည်းငယ်တူညီမှုရှိသည်ကို လေ့လာသိရှိရကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် ယဉ်ကျေးမှုဓလေ့ထုံးစံများ တူညီသည့်အတွက် အိမ်နီးချင်းနိုင်ငံများ မဟုတ်ကြသော်လည်း ချစ်ကြည်ရင်းနှီးသော၊ ကောင်းမွန်သော ဆက်ဆံရေးရှိသည့် နိုင်ငံများ ဖြစ်ကြကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အဓိက ဆောင်ရွက်လျက် ရှိသကဲ့သို့ ကမ္ဘောဒီးယား နိုင်ငံတွင်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးတက်လာစေရေး စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံ ပညာကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာမှသာ နိုင်ငံအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ပြီး ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပပို့ကုန်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံအတွင်း ငွေကြေး လည်ပတ်မှုများ ကောင်းမွန်လာပြီး နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် အွန်လိုင်း ငွေကြေး လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ ပပျောက်စေရေး အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသကဲ့သို့ ကမ္ဘောဒီးယား နိုင်ငံအနေဖြင့်လည်း အွန်လိုင်း ငွေကြေး လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ တိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအတွက် လိုအပ်သည့် ပြည်ပဝင်ငွေများကို ရှာဖွေရာတွင် နိုင်ငံအတွက် အကျိုးပြုမည့် လုပ်ငန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ တိုင်းပြည်၊ မိမိတို့ လူမျိုးများ ထိခိုက်ပျက်စီးနိုင်သည့် နည်းလမ်းများကို အသုံးမပြုရန်လိုကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများသည် အချို့မှာခြိမ်းခြောက် အကျပ်ကိုင်မှုများကြောင့် လုပ်ကိုင်နေရခြင်းဖြစ်သော်လည်း အချို့သောသူများမှာ ၎င်းတို့၏စိတ်ဆန္ဒဖြင့် ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများပြုလုပ်ပြီး ဖမ်းဆီးရမိခဲ့သော ပြည်ပနိုင်ငံသားများအား ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့သကဲ့သို့ မိမိတို့နိုင်ငံသားများကိုလည်း ဥပဒေနှင့်အညီထိထိရောက်ရောက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ပနိုင်ငံသို့ ရောက်ရှိနေသည့် သံတမန်များနှင့် ပညာတော်သင် သင်တန်းသားများအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်း အမှန်များနှင့် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေမှန်များကိုလည်း မျက်ခြည်မပြတ် လေ့လာသိရှိနေရန်လိုကြောင်း၊ အလားတူ မိမိတို့ရောက်ရှိတာဝန်ထမ်းဆောင်နေသည့် နိုင်ငံ၏သမိုင်းကြောင်းဆိုင်ရာများနှင့် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်လာမှုများ၊ မိမိတို့နိုင်ငံနှင့် ဆက်ဆံဆောင်ရွက်လျက်ရှိမှု အခြေအနေများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရေး တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

**ဘာသာစာပေလေ့လာ**

ဘာသာစကားနှင့်ပတ်သက်၍ မိမိတို့ပြည်ပတွင် ရောက်ရှိပညာသင်ကြားနေချိန်နှင့် တာဝန်ထမ်းဆောင် နေချိန်များတွင် အားလပ်ချိန်များ၌ ရောက်ရှိနေသည့်နိုင်ငံ၏ ဘာသာစာပေများကို အမြဲမပြတ် လေ့လာဆည်းပူးနေကြရန် လိုကြောင်း၊

*စာမျက်နှာ ၅ သို့*


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးအဆောက်အအုံသစ်တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့သို့ရောက်ရှိ

## ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan လာရောက်ဂါရဝပြုတွေ့ဆုံ


**နေပြည်တော် စက်တင်ဘာ ၁၂**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆီရမ်ရိမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံ ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာန ဝန်ကြီး H.E. Mr. THOR Chetha ဦးဆောင်သည့် ကမ္ဘောဒီးယားအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ကမ္ဘောဒီးယားနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍လည်းကောင်း၊ ကမ္ဘောဒီးယားအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းကမ်း၍ လည်းကောင်း၊ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာ မိုနီတို့၏ ဓာတ်ပုံများနှင့် နှစ်နိုင်ငံအလံငယ်များ ကိုင်ဆောင်ဝှေ့ယမ်း၍လည်းကောင်း ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဆီရမ်ရိမြို့ Siem Reap Angkor အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan ၊ တော်ဝင်ဘုရင့်နန်းတော်ရေးရာ ဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှင့် အထက်လွှတ်တော်မှ ကိုယ်စားလှယ်တို့က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**ဂါရဝပြုတွေ့ဆုံ**

ယင်းနောက် နိုင်ငံတော်သမ္မတအား ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူးက ခေတ္တတည်းခိုရာဟိုတယ်၌ ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဆီရမ်ရိပြည်နယ် အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ယူနက်စကို စာရင်းဝင်ဒေသဖြစ်ပြီး မြန်မာနိုင်ငံရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကဲ့သို့ တန်ဖိုးကြီးမားသည့် ရှေးဟောင်းအမွေအနှစ်များစွာရှိမှု အခြေအနေ၊ ဆီရမ်ရိဒေသနှင့် မြန်မာနိုင်ငံရှိ ပုဂံဒေသတို့အကြား ခရီးသွားကဏ္ဍ တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဆီရမ်ရိဒေသ ခရီးသွားနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများအား ကမ္ဘောဒီးယားနိုင်ငံမှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ စောင့်ရှောက် ကာကွယ်ပေးစေလိုမှုအခြေအနေနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**တီးမှုတ်ဖျော်ဖြေ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဆီရမ်ရိပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုနေ့လယ်စာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဆီရမ်ရိပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ရိုးရာတေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

PPIB News



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဆီရမ်ရိပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် ဆီရမ်ရိပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ရိုးရာတေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေစဉ်။

*စာမျက်နှာ ၄ မှ*

ထိုသို့ ဘာသာစာပေများ လေ့လာတတ်မြောက် ထားခြင်းသည် တစ်ချိန်ချိန်တွင် မိမိတို့အတွက် မလွဲမသွေ အကျိုးရှိလာနိုင်မည်ဖြစ်ကြောင်း၊ ဘာသာစကားတတ်ကျွမ်းမှုမှတစ်ဆင့် မိမိတို့ဆက်ဆံဆောင်ရွက်ရသည့်နိုင်ငံများနှင့် ရင်းနှီးမှုများ ရရှိလာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုတိုးတက်စေမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကိုလည်း ဥပဒေနှင့်အညီ ကူညီစောင့်ရှောက်ပေးကြရန် လိုကြောင်း၊ အလားတူ မိမိတို့အချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်ကြရန်လည်း မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသား အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် ပညာတော်သင်သင်တန်းသားများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးအဆောက်အအုံသစ်တည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သံအမတ်ကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၂**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်နှင့် ဘေရွန်ဘုရားကျောင်းတော်များသို့ သွားရောက်ကြည့်ရှုလေ့လာ




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆီရမ်ရိမြို့ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော်အား ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂** ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့တွင် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ဆီရမ်ရိမြို့ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော်နှင့် ဘေရွန်ဘုရားကျောင်းတော်တို့အား သွားရောက်ကြည့်ရှုလေ့လာသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော်အတွင်း ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားရှိမှု၊ ကျောက်ဆစ်ရုပ်တုများ၊ နံရံများပေါ်တွင် ထွင်းထုထားသည့် ရှေးခမာလူမျိုးတို့၏ နေ့စဉ် လူမှုဘဝ၊ ဈေးဝယ်ခြင်း၊ အခမ်းအနားများ၊ စစ်ပွဲများနှင့် လူမှုဘဝအခြေအနေကို အသေးစိတ်ပုံဖော်ထားသည့် ကျောက်ပန်းပုလက်ရာများ၊ ခမာလူမျိုးတို့ ကိုးကွယ်ခဲ့သည့် ဘုရားဆင်းတုတော်များကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာကြပြီး အန်ကောရှေးဟောင်းယဉ်ကျေးမှု နယ်မြေတာဝန်ခံနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အန်ကောဝပ် ဘုရားကျောင်းတော်ကြီးရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတက အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေတာဝန်ခံအား အမှတ်တရလက်ဆောင်နှင့် တာဝန်ရှိသူတစ်ဦးအားအန်ကောယဉ်ကျေးမှုနယ်မြေရှိ ဘုန်းတော်ကြီးကျောင်းတွင် ကိုးကွယ်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် တည်ဆောက်ခဲ့မှု မှတ်တမ်းစာအုပ်အား ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အန်ကောရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ကျုံးကြီးပတ်လမ်း တစ်လျှောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြည့်ရှုလေ့လာခဲ့ကြပြီး ရှေးဟောင်းသမိုင်းဝင် ဘေရွန်ဘုရားကျောင်းတော်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

## ကြည့်ရှုလေ့လာ

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဘေရွန်ဘုရားကျောင်းတော်အတွင်း လှည့်လည်၍ ရှေးဟောင်းလက်ရာများ၊ ကျောင်းနံရံများပေါ်ရှိ ခမာအင်ပါယာခေတ်စစ်ရေး၊ ယဉ်ကျေးမှုနှင့် နေ့စဉ်လူမှုဘဝများကို ပုံဖော်ထုဆစ်ထားသည့် ကျောက်ပန်းပုများကိုလှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆီရမ်ရိမြို့ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘေရွန်ဘုရားကျောင်းတော်အတွင်း ကြည့်ရှုလေ့လာစဉ်။

အဆိုပါရှေးဟောင်းသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းတော်နှင့် ဘေရွန်ဘုရားကျောင်းတော်တို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ အနောက်မြောက်ပိုင်း ဆီရမ်ရိပြည်နယ် အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တည်ရှိပြီး အဆိုပါအန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာ့အကြီးဆုံး သမိုင်းဝင်နယ်မြေတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာကျော် အန်ကောဝပ်၊ ကျောက်မျက်နှာတော်များဖြင့် လေးမျက်နှာဘုရား (ဘေရွန်ကျောင်းတော်)နှင့် သစ်မြစ်များတွယ်ကပ်နေသည့် တာပရွန်ကျောင်းတော်တို့သည် အလွန်ထင်ရှားပြီး သမိုင်းဝင် UNESCO စာရင်းဝင်နေရာများဖြစ်ကြောင်း။

အန်ကောဝပ်ဘုရားကျောင်းတော်အား ၁၂ ရာစုအစောပိုင်းတွင် ဒုတိယမြောက် သူရိယ ဝရမန်မင်း (Suryavarman II) က ဟိန္ဒူဘာသာရှိ ဗိဿနိုးနတ်ဘုရား (Vishnu) အား ပူဇော်ရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဗုဒ္ဓဘာသာကျောင်းတော်အဖြစ်သို့ ပြောင်းလဲခဲ့ပြီး စထရိန်ထရဝါမန်မင်း (Srindravarman - ၁၂၉၅ မှ ၁၃၀၇ အထိ စိုးစံခဲ့သူ) လက်ထက်တွင် ခမာအင်ပါယာ၏ နိုင်ငံတော်ဘာသာအဖြစ်ထေရဝါဒဗုဒ္ဓဘာသာကို စတင်ပြောင်းလဲသတ်မှတ်ခဲ့ရာတွင် အန်ကောဝပ်ကျောင်းတော်ကြီးသည်ဟိန္ဒူဘုရားကျောင်းအဖြစ်မှ ဗုဒ္ဓဘာသာကျောင်းတော်အဖြစ် ပြောင်းလဲသွားခဲ့ခြင်းဖြစ်ပြီး ယခုအခါ ကမ္ဘာ့အကြီးဆုံး ဘာသာရေးအဆောက်အအုံအဖြစ် စံချိန်ဝင်ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတော်အလံပေါ်တွင်ပင် အမှတ်အသားအဖြစ်ပါရှိကြောင်း၊ ဘေရွန်ကျောင်းတော်သည်လည်း ၁၂ ရာစုအကုန် ၁၃ ရာစု အစောပိုင်းတွင် ခုနစ်ယောက်မြောက် ဇယဝရမန်မင်း (Jayavarman VII) က မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ ကျောင်းတော်အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘေရွန်ကျောင်းတော်၏ အထင်ကရ အဓိကသင်္ကေတမှာ ကျောက်မျှော်စင်များပေါ်တွင် ထုဆစ်ထားသည့် ကြီးမားသော မျက်နှာတော်များဖြစ်ကြောင်း၊ မျှော်စင်ပေါင်း ၅၄ ခုတွင် အရုပ်လေးမျက်နှာသို့ မူထားသည့် မျက်နှာတော် ၂၀၀ ကျော်ရှိခဲ့ပြီး ယခုအခါ မျှော်စင် ၃၇ ခုခန့် ကျန်ရှိနေသေးကြောင်း၊ ကျောင်းတော်၏ အတွင်းအပြင်နံရံများတွင် အလွန်အသေးစိတ်ပြီးလှပသော ခမာပြည်သူတို့၏ ရှေးခေတ် နေ့စဉ်လူမှုဘဝ၊ ကုန်သွယ်မှုနှင့် စစ်ပွဲသမိုင်းများကို ကျောက်ဆစ်ရုပ်ကြွများဖြင့် အသေးစိတ် ပုံဖော်ထားရှိသောကြောင့် သမိုင်းတန်ဖိုးအလွန်ကြီးမားသည့် ရှေးဟောင်းဘုရားကျောင်းတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂** နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ဟုမ္မလင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး



တာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ ပန်းဖွားအကအလှဖြင့် လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြု ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

## နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂** ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော် အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် ဆီရမ်ရိမြို့၊ Siem Reap Angkor အပြည်ပြည် ဆိုင်ရာလေဆိပ်မှ ပြန်လည် ထွက်ခွာသည်။

နိုင်ငံတော်သမ္မတ ဦးဆောင် သည့် မြန်မာအဆင့်မြင့် ကိုယ်စား လှယ်အဖွဲ့အား ဆီရမ်ရိပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာကမ္ဘောဒီးယား နိုင်ငံသံအမတ်ကြီး H.E. Mr. CHENG Manith ၊ ကမ္ဘောဒီးယား နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ် ကြီး ဦးကျော်စိုးမင်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဝင်းနှင့် သံရုံး၊ စစ်သံရုံး မိသားစုဝင်များက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင် နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ကမ္ဘောဒီးယား အမျိုးသမီးငယ် တစ်ဦးက ဂုဏ်ပြုပန်းစည်းကမ်း၍ လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေး များက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့၏ ဓာတ်ပုံများနှင့် နှစ်နိုင်ငံအလံငယ် များ ကိုင်ဆောင်ဝှေ့ယမ်း၍ လည်းကောင်း ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အတူ ခရီးစဉ်တွင် လိုက်ပါသွား ကြသည့် ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသော ဦးတင်မောင် ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမောင် မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မွန် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင် ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိ ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါ လာကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဆီရမ်ရိပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan နှင့် တာဝန်ရှိသူများက Siem Reap Angkor အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

နိုင်ငံတော်သမ္မတသည် ခရီး စဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော် အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက် ဟွန်ဆင်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ် ခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံ အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီး သည့် ဆက်ဆံရေးကို ပိုမိုခိုင်မာ လာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ အစိုးရများအကြား၊ လွှတ်တော် များအကြားနှင့် ပြည်သူများ အကြား အပြန်အလှန် ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရန် ကိစ္စရပ် များ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင် ရွက်ရေးကိစ္စရပ်များကို ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ကမ္ဘောဒီးယား နိုင်ငံရှိ သမိုင်းဝင်အထင်ကရနှင့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ များကို ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ပြန်လည် ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်း နီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည် တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘော ဒီးယားနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့ မှ တာဝန်ရှိသူများက လေဆိပ် တွင် ရင်းနှီးနွေးထွေးစွာ ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ကမ္ဘောဒီးယားနိုင်ငံမှ ပြည်သူများနှင့်ကျောင်းသားလူငယ်များက နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ ဓာတ်ပုံများကိုင်ဆောင်၍လည်းကောင်း၊ နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ လည်းကောင်း ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

# မဟာဗျူဟာမြောက်ခြေလှမ်းများထဲမှ မြန်မာ - ကမ္ဘောဒီးယားခရီးစဉ်

တံခွန်အောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် သမ္မတတာဝန်ထမ်းဆောင်ချိန်မှစ၍ ပြည်ပနိုင်ငံများသို့(State Visit) (Official Visit) ပြည်ပခရီးစဉ်များကို အဆက်မပြတ်သွားရောက်လျက်ရှိသည်။ သွားရောက်ခဲ့သည့် နိုင်ငံများကိုကြည့်လျှင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံကို ကနဦးတွေ့ရမည်။ ဤခြေလှမ်းသည် အာရှသို့ ခြေလှမ်းများဖြစ်သည်။ ထပ်မံ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံကို တွေ့မြင်ရမည်။ ဤခြေလှမ်းများသည် အာရှတိုက်နှင့် ဥရောပအစပ်သို့ လှမ်းခဲ့သော ခြေလှမ်းများဖြစ်သည်။ နောက်တစ်နိုင်ငံသည် ဘယ်လာရုစ်နိုင်ငံဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံသည် အရှေ့ဥရောပတွင် တည်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်၏။ ဤခြေလှမ်းကိုလည်း ဥရောပသို့ခြေတစ်လှမ်းအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

ထပ်မံတွေ့ရသည်မှာ လာအို၊ ထိုင်း၊ ဗီယက်နမ်ဆိုသည့်နိုင်ငံများဖြစ်သည်။ ဤခြေလှမ်းများသည် အာဆီယံဒေသတွင်းသို့ လှမ်းခဲ့သော ခြေလှမ်းများဖြစ်သည်။ ယခုလည်း ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ခဲ့ပြန်ပါသည်။ ဤသည်လည်း အာဆီယံဒေသတွင်းသို့ ခြေတစ်လှမ်းပင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ ပြည်ပခရီးစဉ်ခြေလှမ်းများကား






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက် ဟွန်ဆင်တို့ စက်တင်ဘာ ၁၁ ရက်က တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်တို့ စက်တင်ဘာ ၁၁ ရက်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sunday တို့ စက်တင်ဘာ ၁၁ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

မိမိနိုင်ငံအတွက်သာမက ဒေသတွင်းတစ်ခုချင်းစီအတွက် မဟာဗျူဟာမြောက် ခြေလှမ်းများဖြစ်ကြောင်း တစ်စတစ်စ ပီပြင်လာသည်ကို တွေ့ရသည်။ ခြေလှမ်းများဖြင့်ခရီးဆက်၍ ချစ်ကြည်ရင်းနှီးမှုများဖြင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ခိုင်မာသည်ထက်ခိုင်မာအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်ကို တွေ့ရသည်။ ခရီးစဉ်တိုင်းတွင် စိတ်ဝင်စားမှုများ များစွာတွေ့ရသည်။ သိထားသမျှ မျှဝေပေးပါမည်။ ကနဦးအတွက် မြန်မာ-ကမ္ဘောဒီးယားခရီးစဉ်ကို လေ့လာကြည့်ကြမည်။

**မြန်မာမှသည် ကမ္ဘောဒီးယားနိုင်ငံဆီသို့**

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် စတင်ခဲ့သော ခရီးစဉ်ဖြစ်သည်။ မြန်မာနိုင်ငံမှ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် စတင်ထွက်ခွာခဲ့၏။ နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်၌ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့၏။ မြန်မာနိုင်ငံမှ စတင်ထွက်ခွာစဉ်နှင့် ကမ္ဘောဒီးယားသို့ ရောက်ရှိချိန်တွင် သွားခဲ့သည့် ပြည်ပခရီးစဉ်များနည်းတူ နှစ်နိုင်ငံအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက် ဂုဏ်ပြုမှုများအတိုင်း ခမ်းခမ်းနားနားဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ပထမဆုံးတွေ့ဆုံမှုအဖြစ် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်က ဂုဏ်ပြုကြိုဆို၍ တွေ့ဆုံဆွေးနွေးခဲ့သည်ကို တွေ့ရသည်။ နိုင်ငံတော်အကြီးအကဲ၏ နောက်ထပ်တွေ့ဆုံမှုတစ်ခုသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်မာနက်နှင့် တွေ့ဆုံမှုဖြစ်သည်။ ထပ်မံ၍ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Samdech KHUON Sundaryနှင့် တွေ့ဆုံခဲ့၏။ နိုင်ငံတော်အကြီးအကဲ၏ ပြည်ပခရီးစဉ်များကို ကြည့်လျှင် နိုင်ငံတစ်နိုင်ငံ၏ အဓိကမဏ္ဍိုင်ဖြစ်သည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး မဏ္ဍိုင်များနှင့် တွေ့ဆုံမှုများကို ခိုင်ခိုင်မာမာဆောင်ရွက်တည်ဆောက်လေ့ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။ ထိုမှဆက်နွှယ်၍ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို တက်လှမ်းသလို MoU များရေးထိုးလေ့ရှိသည်။ တွေ့ဆုံဆွေးနွေးမှုများ၏ ကဏ္ဍများနှင့် ပတ်သက်၍ မျှဝေပါဦးမည်။

နိုင်ငံတော်အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးမှုများထဲမှ ကဏ္ဍများကိုကြည့်လျှင် နှစ်နိုင်ငံချစ်ကြည်ရေးကို ခိုင်မာစွာ တည်ဆောက်ထားနိုင်မှု၊ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုတူညီမှုသည် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်နေမှု၊ နိုင်ငံတကာစာမျက်နှာ၌ အပြန်အလှန် ရပ်တည်ထောက်ခံလျက်ရှိမှုများ၊ အစိုးရ၊ တပ်မတော်နှင့် ပြည်သူများအကြား ဆက်ဆံရေးကောင်းမွန်နေမှုများ၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ ဒေသတွင်းအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ စိုက်ပျိုးမွေးမြူရေးမှစ၍ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုပပျောက်ရေး ဆောင်ရွက်နေမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိနေမှုများ၊ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ဥပဒေပြုရေးနှင့် ကြီးကြပ်ရေးဆိုင်ရာအတွေ့အကြုံများအား မျှဝေဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာ-ကမ္ဘောဒီးယား လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မှုအခြေအနေများစတဲ့ ကဏ္ဍစုံကို အသီးသီး တွေ့ဆုံဆွေးနွေးခဲ့၏။

**ဒေသတွင်းအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ စိုက်ပျိုးမွေးမြူရေးမှစ၍ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ပပျောက်ရေးဆောင်ရွက်နေမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိနေမှုများ၊ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ဥပဒေပြုရေးနှင့် ကြီးကြပ်ရေးဆိုင်ရာ အတွေ့အကြုံများအား မျှဝေဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာ-ကမ္ဘောဒီးယား လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မှု အခြေအနေများ စတဲ့ ကဏ္ဍစုံကို အသီးသီး တွေ့ဆုံဆွေးနွေးခဲ့**

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်မြှင့်တင်နိုင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ်၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ ပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဤသည်ကား မိမိတို့နိုင်ငံတော်အတွက် အနာဂတ်ရလဒ်ကောင်းများအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

ထပ်မံ၍ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့် ခမည်းတော် ဘုရင်သီဟာနုပုံတူ ရုပ်တုထားရှိရာ အထိမ်းအမှတ်နေရာတွင် လွမ်းသူ့ပန်းခွေချ အလေးပြုခြင်းကို ဆောင်ရွက်ခဲ့သည်။ ဤသည်မှာလည်း မြန်မာနိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ခေါင်းဆောင်များ၊ သမိုင်းစဉ်နှင့်သမိုင်းစဉ်တစ်လျှောက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဂုဏ်ဒြပ်များအပေါ် အလေးအမြတ်ထားကြောင်း၊ လေးစားဂုဏ်ယူလျက်ရှိကြောင်း သက်သေညွှန်းဆိုနေသေးသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၂ ရက်တွင် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖနောင်ပင်မြို့ရှိ

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

Preah Sihamoniraja ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် Samdech Preah Abhisiri Sugandha Mohasangharajha Dhipiti BOUR KRY အား သွားရောက်ဖူးမြော်ခဲ့သည်။ ဆက်လက်ပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သံရုံး၊ စစ်သံရုံးမိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံခဲ့သေး၏။

ဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် Techo အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့သို့ ခရီးဆက်ခဲ့၏။ ဆီရမ်ရိမြို့တွင် ဆီရမ်ရိပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ၏ အနာဂတ်လုပ်ငန်းများ၊ ချစ်ကြည်ရေးခိုင်မာနေမှုများ၊ မြန်မာအလုပ်သမားများအား ကမ္ဘောဒီးယား ဥပဒေဘောင်အတွင်းမှ စောင့်ရှောက်ပေးရန်နှင့် အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိစေရေးကို ရင်းနှီးချစ်ကြည်စွာ ဆွေးနွေးခဲ့ကြသည်။

ဒေသစံတော်ချိန် ညနေပိုင်း၌ နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံဆီသို့ ပြန်ခဲ့ကြ၏။ နှစ်ရက်တာ မြန်မာ-ကမ္ဘောဒီးယားခရီးစဉ်မှာ အောင်မြင်စွာပြီးမြောက်ခဲ့လေပြီ။ စာရေးသူရှေ့တွင်ဆိုခဲ့သော နိုင်ငံတော်အကြီးအကဲ၏ မဟာဗျူဟာမြောက် ခြေလှမ်းများကို လေ့လာကြည့်ကြဖို့ ဖိတ်ခေါ်လိုပါသည်။

### နိုင်ငံတော်အကြီးအကဲ၏ မဟာဗျူဟာမြောက်ခြေလှမ်းများ

စာဖတ်သူများသို့ ကနဦးမျှဝေလိုသည်မှာ နိုင်ငံတော်အကြီးအကဲသွားရောက်ခဲ့သည့် ပြည်ပနိုင်ငံများ၏ တည်နေရာများဖြစ်သည်။ အိန္ဒိယနိုင်ငံသည် တောင်အာရှတွင်တည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံသည် အာရှတိုက်အရှေ့ဘက်၊ ပစိဖိတ်သမုဒ္ဒရာ၏ အနောက်ဘက် ကမ်းရိုးတန်းတွင် တည်ရှိသည်။ ရုရှားနိုင်ငံသည် အာရှတိုက်နှင့် ဥရောပတိုက်တွင် တည်ရှိ၏။ ဘယ်လာရုစ်နိုင်ငံသည် ဥရောပတိုက်တွင် တည်ရှိသည်။

လာအို၊ ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံများသည် အာဆီယံဒေသတွင်းနိုင်ငံများ ဖြစ်ကြသည်။ ဆက်စပ်ကြည့်လျှင် ဥရောပ၊ အရှေ့အာရှ၊ တောင်အာရှ၊ ပစိဖိတ်နှင့် အရှေ့တောင်အာရှဟု ဆက်စပ်မြင်တွေ့ရမည်ဖြစ်သည်။ GMS နိုင်ငံအဖွဲ့ဝင်နိုင်ငံများမှာ တရုတ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများ ဖြစ်ကြသည်။ ထိုသို့ဆိုလျှင် နိုင်ငံတော်အကြီးအကဲ၏ ခြေလှမ်းများကို မှန်းဆနိုင်မည်သာဖြစ်သည်။ လက်ရှိ နိုင်ငံတော် အကြီးအကဲသွားရောက်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံနှင့် မိမိတို့မြန်မာနိုင်ငံသည် အာဆီယံဒေသအတွင်းတွင် ပထဝီနိုင်ငံရေးနှင့် စီးပွားရေးအရ အပြန်အလှန် အထောက်အပံ့ဖြစ်စေသော ဗျူဟာမြောက်တည်နေရာများတွင် တည်ရှိနေကြသည့် နိုင်ငံများဖြစ်၏။ အထူးသဖြင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံ၏ ကုန်းမြေဆက်စပ်မှုပေါင်းကူးတံတားအဖြစ် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဒေသတွင်း စီးပွားရေးစင်္ကြံလမ်းကြောင်းများနှင့် မိမိတို့မြန်မာနိုင်ငံ၏ စီးပွားရေးစင်္ကြံလမ်းကြောင်းများတွင် အချက်အချာကျကျ တည်ရှိနေမှု၊ ဒေသတွင်း၌ ကုန်းမြေဆက်စပ်မှု ပေါင်းကူးတံတားများ သဖွယ်ဖြစ်တည်နေမှု၊ နိုင်ငံအတွင်းရှိ အထူးစီးပွားရေးဇုန်များ၏ အရေးပါမှုများကိုပါ ဆက်စပ်မြင်တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် သမ္မတတာဝန်ထမ်းဆောင်သည့်ကာလ ၆ လအတွင်း ရုရှား၊ ဘယ်လာရုစ်၊ အိန္ဒိယ၊တရုတ်နိုင်ငံတို့နှင့် နှစ်နိုင်ငံချစ်ကြည်ရေးမှတစ်ဆင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအထိ လှမ်းတက်နိုင်ခဲ့သည်။ ထို့အပြင် အာဆီယံဒေသတွင်း နိုင်ငံများဖြစ်သော လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံများသို့လည်း ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်ပြီး မိတ်ဖက်စစ်အဖြစ် ဖော်ဆောင်နိုင်ခဲ့သည်။ ခရီးစဉ်များတစ်လျှောက် နိုင်ငံတော်အကြီးအကဲအချင်းချင်း တွေ့ဆုံပြောဆိုရာတွင် **ယုံကြည်စိတ်ချရဆုံး** ဆိုသည့် စကားလုံးကို တွေ့မြင်ဖူးကြမည်။ ဤသည်ကား ခရီးစဉ်များမှ နိုင်ငံတော်အတွက် အကောင်းဆုံးရလဒ်များကို ဖော်ညွှန်းနေခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ မဟာဗျူဟာမြောက် ခြေလှမ်းများက ပိုမိုပီပြင်လာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ယခု မြန်မာ-ကမ္ဘောဒီးယားခရီး၌လည်း နှစ်နိုင်ငံ၏ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများအတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီး အောင်မြင်သောခရီးစဉ်အဖြစ် သမိုင်းမှတ်တမ်းရေးထိုးနိုင်ခဲ့ပြန်ပါပြီ။ နိုင်ငံတော်အကြီးအကဲအနေဖြင့် မဟာဗျူဟာမြောက် ခြေလှမ်းများမှတစ်ဆင့် နိုင်ငံတော်၏ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော်၏ အနာဂတ်အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း ရေးသားလိုက်ရပါတော့သည်။ ။

---

# ကမ္ဘောဒီးယားနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့မှာ ကျွန်မတို့နိုင်ငံ မူလအတိုင်းပြန်လည်ပြီး တက်တက်ကြွကြွ ပါဝင်လာစေဖို့ အပြည့်အဝထောက်ခံ . . .

**ဒေါက်တာခိုင်ခိုင်စိုး**



ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit) သွားရောက်ခဲ့မှုနှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ကို ပြည်သူလူထုတစ်ရပ်လုံးက ရွေးချယ်တင်မြှောက်ခဲ့ပြီးတဲ့နောက် နိုင်ငံတော်အဆင့်ခရီးစဉ်တွေ အောင်မြင်စွာ သွားရောက်ခဲ့တယ်။ အခု ကမ္ဘောဒီးယားနိုင်ငံက ရှစ်နိုင်ငံမြောက် နိုင်ငံတော်အဆင့် ခရီးစဉ်ဖြစ်ပါတယ်။ အောင်မြင်တဲ့ ခရီးစဉ်ဖြစ်တဲ့အတွက် ခရီးစဉ်အောင်မြင်မှုတွေထဲက ထူးခြားတဲ့ အချက်တွေကို သိပါရစေ။**

ဖြေ။ ။ နိုင်ငံတော်သမ္မတကြီးက သမ္မတအဖြစ် တာဝန်ယူပြီးတဲ့အချိန်ကစပြီး ရှစ်နိုင်ငံမြောက်သွားရောက်တဲ့ ခရီးစဉ်ဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ လေးနိုင်ငံမြောက်ပါ။ အထူးသဖြင့် ကုန်းတွင်း ကုန်းမြေရှိတဲ့ ဆက်စပ်နေတဲ့ အာဆီယံနိုင်ငံတွေပါ။ အထူးခြားဆုံး အောင်မြင်မှုနှစ်ခုကို ပြောရမယ်ဆိုရင် ပထမတစ်ခုက ကြိုဆိုတာပါ။ ဒီကြိုဆိုတဲ့နေရာမှာ လှိုက်လှိုက်လှဲလှဲ နွေးနွေးထွေးထွေးနဲ့ တကယ့်ကို မိသားစုအရင်းအချာတစ်ယောက် ကိုယ့်အိမ်ကို ပြန်လာတဲ့ပုံစံမျိုးနဲ့ ကြိုဆိုတာပါ။တကယ်တော့ ဒါက State Visit ပါ။ State Visit မှာ နိုင်ငံတော်အကြီးအကဲတစ်ယောက် ကိုယ့်နိုင်ငံကို လာရောက်တဲ့အချိန်မှာ ကြိုတဲ့ပုံစံမျိုးထက် ထူးကဲပြီးတော့ ကိုယ့်မိသားစုအရင်းအချာ အိမ်ကိုပြန်လာတဲ့ပုံစံမျိုးနဲ့ လှိုက်လှိုက်လှဲလှဲ နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ ပြီးတော့ ကြိုဆိုတဲ့ ပြည်သူတွေကလည်း တကယ့်ကို လှိုက်လှဲနွေးထွေးတာကို တွေ့ရပါတယ်။

ဒုတိယတစ်ချက်ကတော့ ရပ်တည်ချက်ပါ။ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ကမ္ဘောဒီးယားနိုင်ငံရဲ့ ရပ်တည်ချက် ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီးတော့ အာဆီယံမှာ မြန်မာနိုင်ငံကို ဖယ်ကြဉ်ထားတာမျိုး၊ အဆင့်နှိမ့်ပြီး ဆက်ဆံတာမျိုး ဒါကို လုံးဝလက်မခံပါဘူး။ မြန်မာနိုင်ငံက အာဆီယံမိသားစုတွေထဲမှာ ဆက်ပြီးတော့ တည်ရှိရပါမယ်ဆိုပြီး ကမ္ဘောဒီးယားနိုင်ငံရဲ့ ရပ်တည်ချက်ကို ခိုင်ခိုင်မာမာ ပြောသွားပါတယ်။ ဒီလိုပြောတာက အခုလို အခြေအနေမျိုးမှာ မြန်မာနိုင်ငံအတွက် တကယ့်အားတက်စရာ အနေအထားမျိုးဖြစ်တယ်လို့ ပြောနိုင်ပါတယ်။

**မေး။ ။ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတကြီးနဲ့ တွေ့ဆုံတဲ့အချိန်မှာ အာဆီယံဒေသတွင်းမှာ မြန်မာနိုင်ငံဘက်ကနေ အစဉ်အမြဲ ရပ်တည်ပေးမယ်လို့ ပြောခဲ့တာရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ကမ္ဘောဒီးယားနိုင်ငံက အစဉ်အမြဲ အားပေးထောက်ခံပြီး ဆောင်ရွက်ပေးမယ်လို့ ပြောတာလည်းရှိပါတယ်။ လက်ရှိခရီးစဉ်က အာဆီယံအရေး၊ ငြိမ်းချမ်းရေး၊ သံတမန်ရေးအတွက် ဘယ်လောက်ထိ အောင်မြင်မှုတွေရရှိခဲ့တယ်ဆိုတာလဲ သိပါရစေ။**

ဖြေ။ ။ ဒီခရီးစဉ်မှာ ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ မစ္စတာ ဆမ်ဒက် ဟွန်ဆင်နဲ့ တွေ့ဆုံခဲ့ပါတယ်။ ဝန်ကြီးချုပ်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ ဒီလိုတွေ့ဆုံမှုတိုင်းမှာ နိုင်ငံ့အကြီးအကဲတွေက ကျွန်မတို့နိုင်ငံမှာ လက်ရှိဆောင်ရွက်နေတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို ထောက်ခံတယ်လို့ ပြောတယ်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကိုလည်း အားပေးတယ်။ အာဆီယံမှာ၊ နိုင်ငံတကာအသိုက်အဝန်းမှာ ပြန်လည်ဝင်ဆံ့ဖို့၊ သင့်မြတ်ဖို့ ကျွန်မတို့ ကြိုးစားနေတဲ့ လုပ်ဆောင်ချက်တွေကိုလည်း အသိအမှတ်ပြုပါတယ်။

ကမ္ဘောဒီးယားနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့မှာ ကျွန်မတို့နိုင်ငံ မူလအတိုင်းပြန်လည်ပြီး တက်တက်ကြွကြွပါဝင်လာစေဖို့ အပြည့်အဝထောက်ခံသွားမယ်၊ နိုင်ငံတကာမျက်နှာစာမှာလည်း အပြည့်အဝထောက်ခံသွားမယ်။ ဒီလိုအနေအထားတွေက အာဆီယံသုံးနိုင်ငံ သွားခဲ့တုန်းကလည်း ဒီအတိုင်းပါပဲ။ အခု လေးနိုင်ငံမြောက်မှာလည်း သုံးနိုင်ငံ သွားခဲ့တုန်းကလို ဒီအတိုင်း ကျွန်မတို့ကို ပြောခဲ့ပါတယ်။ အခု စတုတ္ထမြောက်နိုင်ငံမှာလည်း အာဆီယံနဲ့ ပတ်သက်လို့ အပြည့်အဝထောက်ခံသွားမယ်၊ ကျွန်မတို့ရဲ့ ရပ်တည်ချက်၊ မြန်မာနိုင်ငံအတွက် မြန်မာ့နည်းလမ်းနဲ့ သွားမယ်ဆိုတဲ့ ရပ်တည်ချက်ကို အပြည့်အဝထောက်ခံပါတယ်ဆိုပြီး ပြောသွားတာပါ။ ဒါက ကျွန်မတို့နိုင်ငံ ရှေ့ဆက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေမှာ၊ နောက်တစ်ခါ အာဆီယံနဲ့ ပြန်လည်ပေါင်းစည်းရေးကိစ္စတွေမှာ အများကြီး အထောက်အကူဖြစ်တယ်ဆိုတာ ပြောလိုပါ တယ်။

**မေး။ ။ နိုင်ငံတော်သမ္မတကြီးရဲ့ ကမ္ဘောဒီးယားနိုင်ငံခရီးစဉ်ကနေ မြန်မာနိုင်ငံအတွက် လက်တွေ့အကျိုးရလဒ်အနေနဲ့ အမြန်ဆုံးတွေ့မြင်ရမယ့်အချက်ကိုလည်း သိပါရစေ။**

ဖြေ။ ။ လက်တွေ့ အမြန်ဆုံး တွေ့မြင်ရမယ့်အချက်ကတော့ ဟိုတယ်၊ ခရီးသွားလုပ်ငန်းပါ။ Siem Reap နဲ့ ပုဂံဒေသက ညီအစ်မမြို့တော် (Sister City)ပါ။ဒါကို ဆက်ပြီး ဆောင်ရွက်သွားဖို့၊ နောက်တစ်ခါ Two Countries, One Destination ကိုလည်း ဆက်ပြီးအကောင်အထည်ဖော်သွားဖို့ သဘောတူညီချက်ရရှိခဲ့ပါတယ်။

တိုက်ရိုက်လေကြောင်းလိုင်းတွေ တိုးချဲ့ပျံသန်းဖို့ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ လယ်ယာထွက်ကုန်ပစ္စည်းတချို့၊ နောက်တစ်ခါ စက်မှုထွက်ကုန်ပစ္စည်းတချို့ ကမ္ဘောဒီးယားနိုင်ငံကို ကုန်သွယ်မှုလုပ်ဖို့၊ တင်ပို့ဖို့အတွက်လည်း ဆွေးနွေးခဲ့တာရှိပါတယ်။

နောက်တစ်ချက်က နိုင်ငံတော်သမ္မတကြီးက ဟိုချီမင်းကနေ ဖနောင်ပင်၊ ဖနောင်ပင်ကနေ ဗန်ကောက်၊ ဗန်ကောက်ကနေမှ ထားဝယ်ရေနက်ဆိပ်ကမ်း၊ ဒီအပေါ်မှာ လမ်းကြောင်းဆွဲပြီးရင် အိန္ဒိယသမုဒ္ဒရာနောက်ဘက် ထွက်ပေါက်ကို တိုက်ရိုက်ဒေသတွင်းနိုင်ငံတွေ ဖြတ်သန်းသွားလို့ရမယ့်လမ်းကြောင်းကို Propose လုပ်ခဲ့ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံကလည်း ဒီလမ်းကြောင်းကို စိတ်ဝင်စားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အိန္ဒိယနိုင်ငံကို ပစ္စည်းတွေ ပို့ချင်တယ်၊ အိန္ဒိယနိုင်ငံကနေ ပစ္စည်းတွေ သွင်းချင်တယ်၊ ကုန်သွယ်မှုလုပ်ချင်တယ်။ အဲဒီအတွက် ကုန်းလမ်းကြောင်းကို အသုံးပြုချင်တယ်။ ဒါကြောင့်မို့ ဒီလမ်းကြောင်းကို စိတ်ဝင်စားပါတယ်၊ ဆက်လက်ဆွေးနွေးပွဲမယ်ဆိုပြီး ဆွေးနွေးခဲ့ကြတာရှိပါတယ်။

**မေး။ ။ နိုင်ငံတော်သမ္မတအနေနဲ့ ထိုင်းနိုင်ငံကိုလည်း သွားရောက်ခဲ့ပြီးပြီ၊ အခုလည်း လေးနိုင်ငံမြောက် အာဆီယံနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားကို သွားရောက်ခဲ့တယ်။ လက်ရှိ ကမ္ဘောဒီးယားနဲ့ ထိုင်းနဲ့ ညှိနှိုင်းရမယ့် နယ်စပ်ပြဿနာအချို့ ရှိနေတယ်။ ဒီအပေါ်မှာ မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်ကို သိပါရစေ။**

ဖြေ။ ။ ထိုင်းနဲ့ ကမ္ဘောဒီးယားနိုင်ငံနဲ့က နယ်စပ်ပြဿနာတွေရှိနေပါတယ်။ ဒါကို နိုင်ငံ့ခေါင်းဆောင်တွေ တွေ့ဆုံတဲ့အချိန်မှာ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတဲ့နေရာမှာ နိုင်ငံတော်သမ္မတကြီးက အိမ်နီးချင်းဆိုတာ ရွေးချယ်လို့မရဘူး၊ နိုင်ငံကြီးကိုရွှေ့ပြောင်းပြီးတော့ ထွက်သွားလို့မရဘူး၊ အဲဒီတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဆက်ဆံနေရမှာပဲ ဖြစ်ပါတယ်။ အဲဒီအတွက် သည်းခံရပါမယ်။ နယ်စပ်ပြဿနာဆိုတာ နယ်နိမိတ်ချင်းထိစပ်နေတဲ့ နိုင်ငံတွေမှာ အနည်းနဲ့အများရှိပါတယ်။ အရေးကြီးဆုံးကတော့ ဒါကို အကောင်းဆုံးဘယ်လိုဖြေရှင်းမလဲ၊ ညှိနှိုင်းဆွေးနွေးပြီးတော့မှ Joint Committee တွေဖွဲ့ပြီး အကောင်းဆုံးနည်းလမ်းနဲ့ ဖြေရှင်းသွားဖို့လိုပါတယ်။ အဓိကကတော့ ငြိမ်းချမ်းစွာ နယ်စပ်ပြဿနာကို ဖြေရှင်းကြပါဆိုပြီး တိုက်တွန်းပြောကြားခဲ့ပါတယ်။

နောက်တစ်ခုက East-West Corridor ပါ။ စီးပွားရေးအတွက် လမ်းမကြီးတွေ၊ ရထားလမ်းတွေ တည်ဆောက်ဖို့ ဆောင်ရွက်ရာမှာ ဒါက လေးနိုင်ငံ၊ ဗီယက်နမ်-ဟိုချီမင်းကနေ ကမ္ဘောဒီးယား ဖနောင်ပင်၊ အဲဒီကနေမှ ဗန်ကောက်ဆိုတော့ ဒါက နယ်စပ်ပြဿနာပြေလည်မှသာ ဒီလမ်းကြောင်းကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ဒီလမ်းကြောင်းကိုသာ အကောင်အထည်ဖော်နိုင်ခဲ့ရင် ဒေသတွင်း ရထားလမ်း၊ ကားလမ်း လမ်းကြောင်းဖြတ်တဲ့နေရာက နိုင်ငံတွေအားလုံး အကျိုးရှိမှာဖြစ်ပါတယ်။ စီးပွားရေးအရ၊ လူမှုရေးအရ၊ ဆက်ဆံရေးအရ၊ ယဉ်ကျေးမှုအရ အားလုံးအကျိုးရှိမှာ ဖြစ်တဲ့အတွက် နယ်စပ်ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းဖို့၊ ဒေသတွင်း အကျိုးစီးပွားကိုကြည့်ပြီး ပြေပြေလည်လည်ဖြစ်အောင် ဆောင်ရွက်ဖို့တိုက်တွန်းခဲ့ပါတယ်။

**သတင်းအဖွဲ့**

## ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာသဘင်နှင့် (၄၆)ကြိမ်မြောက် မဟာ / စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ





**နေပြည်တော် စက်တင်ဘာ ၁၂** ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာသဘင်နှင့် (၄၆)ကြိမ်မြောက် မဟာ/စူဠ ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင်နေပြည်တော် တပ်ကုန်းမြို့ အောင်ဆန်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေအင်း ရိပ်သာစာသင်တိုက် ဦးစီးပဓာန နာယက၊ မြို့နယ်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် တော်ရ ဘဒ္ဒန္တနေမိန္ဒ၊ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဝင်၊ ရွှေအင်းရိပ်သာ ကျောင်းတိုက် ဘဒ္ဒန္တပညာသာမိ၊ မြို့နယ်သံဃ နာယကအဖွဲ့ဥက္ကဋ္ဌနှင့် အထူး ကြီးကြပ်ရေးအဖွဲ့ဆရာတော်များ၊ ၂၀၂၆ ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရက ဆက်ကပ် သော ဘွဲ့တံဆိပ်တော်ရဆရာ တော်များနှင့် သီလရှင်ဆရာလေး များ၊ အစိုးရဓမ္မာစရိယနှင့် ပါဠိ ပထမပြန်စာမေးပွဲတွင် ဓမ္မာစရိယ ဂုဏ်ထူးဆောင် သံဃာတော်နှင့် သီလရှင်များ၊ ဓမ္မာစရိယစာအောင် သံဃာတော်နှင့် သီလရှင်များ၊ ပထမပြန် ငယ်၊ လတ်၊ ကြီး စာအောင် သံဃာတော်နှင့် သီလ ရှင်များ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင် အုန်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျ၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဥပတ္ထမ္ဘက အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒါယကာ၊ ဒါယိကာမများ တက် ရောက်ကြသည်။

ဦးစွာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်၊ သီလရှင်ဆရာလေး တို့၏ ကိုယ်ရေး ထေရုပ္ပတ္တိများကို ဖတ်ကြားပူဇော်သည်။

ထို့နောက် ဆရာတော်၊ သံဃာ တော်များထံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက သာသနာရေး ဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဩဝါဒါစရိယ ဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ ဘွဲ့ရဆရာတော် များ၊ ဓမ္မာစရိယနှင့် စာအောင် သံဃာတော်များ၊ သီလရှင်ဆရာ လေးများကို ဘွဲ့တံဆိပ်တော်များ၊ လှူဖွယ်ပစ္စည်းများနှင့် စာအောင် ဆုငွေများ ဆက်ကပ်လှူဒါန်းခဲ့ သည်။ **မြို့နယ်(ပြန်/ဆက်)**

## (၁၄)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့

## ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်း ဆက်သ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ တားဆီးနှိမ်နင်း ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅၈ ၌ "နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်" ဟု အတိအလင်းပြဋ္ဌာန်းထား သည့်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးကို တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်လာစေ ရန် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အဖြစ် ၂၀၁၃ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ရာ ယခုအခါ (၁၄)ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

လူကုန်ကူးမှုသည် အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက် မှုဖြစ်ပြီး လူသားမျိုးနွယ်စုတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့ဂုဏ်သိက္ခာကို ကြီးမားစွာထိပါးဖျက်ဆီးနေသည့်အတွက် ကမ္ဘာ့ နိုင်ငံအသီးသီးက တိုက်ဖျက်နေရသည့် နိုင်ငံဖြတ်ကျော်မှုခင်းတစ်ရပ် ဖြစ်ပါသည်။ ကမ္ဘာ့ခေတ်ရေစီးကြောင်း ပြောင်းလဲမှုများ၊ နည်းပညာ တိုးတက်မှုများနှင့်အတူ ယနေ့ခေတ် လူကုန်ကူးမှုပုံစံများဟာ ပိုမို နက်နဲဆန်းပြားလာပြီး အထူးသဖြင့် ဆိုက်ဘာနည်းပညာအသုံးချသည့် အွန်လိုင်းအခမ့်စေခိုင်းမှုများ၊ အွန်လိုင်းလိမ်လည်မှုများမှတစ်ဆင့် ဆက်နွယ်ဖြစ်ပေါ်လျက်ရှိသော လူကုန်ကူးမှုများသည် မြန်မာနိုင်ငံ အပါအဝင် ဒေသတွင်းနိုင်ငံများအတွက် စိန်ခေါ်မှုအသစ် ဖြစ်ပေါ် လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီ(၄)ရပ်၊ အဆင့်ဆင့်သော လူကုန် ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအား စနစ်တကျ ဖွဲ့စည်းထားရှိပြီး မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆို ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို (၅)နှစ်စီမံကိန်း ရေးဆွဲ၍ မဟာဗျူဟာ(၃)ရပ်၊ နည်းဗျူဟာ(၄)ရပ်နှင့် လုပ်ငန်းကဏ္ဍ (၄)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ ပဉ္စမနှစ်ဖြစ်သည့် ၂၀၂၆ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို သတ်မှတ်ကာလ အတွင်း ပြီးမြောက်အောင်မြင်အောင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံ ဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်း ရှင်း (United Nations Convention against Transnational Organized Crime – UNCTOC)နှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ် အထူးပြုသော လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ် (Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children)၊ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူများအား မှောင်ခို ပို့ဆောင်မှုဆိုင်ရာစာချုပ် (Protocol against the Smuggling Of Migrants by Land, Sea and Air)တို့ကို ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေး သူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ ကွန်ဗင်းရှင်း (ASEAN Convention against Trafficking in Persons Especially Women and Children–ACTIP) ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင်လည်းကောင်း အတည်ပြုလက်မှတ် ရေးထိုးခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာများရေးထိုး၍လည်းကောင်း၊ မဲခေါင်မြစ်ဝှမ်း ဒေသ တွင်း နိုင်ငံများ၏ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း (Coordinated Mekong Ministerial Initiative against Trafficking–COMMIT)၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Bay of Bengal Initiative for Multi–Sectoral Technical and Economic Cooperation – BIMSTEC)၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှုတိုက်ဖျက်ရေး ဆိုင်ရာ ဘာလီလုပ်ငန်းစဉ် (Bali Process on People Smuggling, Trafficking in Persons and Related Transnational Crime–Bali Process)၊ လန်ချန်း – မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Lancang–Mekong Integrated Law Enforcement and Security Cooperation Center–LMLECC) နှင့် အာဆီယံကဏ္ဍစုံလုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၈) ဘိုဟိုးလုပ်ငန်း စီမံချက် (BOHOL TIP Work Plan 2.0) တို့တွင် ပူးပေါင်းပါဝင်၍ လည်းကောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကိစ္စရပ်များတွင် တက်ကြွစွာကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံများသို့ အဓမ္မလက်ထပ်ရန် လူကုန်ကူးခြင်း၊ အဓမ္မပြည့်တန်ဆာပြုလုပ်စေခြင်း၊ အဓမ္မလုပ်အား စေခိုင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စအဓမ္မ ပြုလုပ်စေခြင်း၊ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း စသည့် ဖြစ်စဉ်များ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။

လူကုန်ကူးမှုကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်း ဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သောပြစ်ဒဏ်များ ချမှတ် ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေဖြင့် ဖော်ထုတ်အရေးယူမှု ၈၃ မှုတွင် တရားခံ ၂၃၅ ဦး တရားစွဲတင်ပို့နိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ၁၄၃ ဦး ကယ်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ လူကုန်ကူးမှုများတွင် အဓမ္မ လက်ထပ်စေမှု ၆၃.၈၆ ရာခိုင်နှုန်း၊ အဓမ္မအလုပ်ခိုင်းစေမှု ၁၅.၆၆ ရာခိုင်နှုန်း၊ ပြည့်တန်ဆာအဖြစ်အဓမ္မပြုလုပ်စေမှု ၁၄.၄၆ ရာခိုင်နှုန်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စ အဓမ္မပြုလုပ်စေမှု ၄.၈၂ ရာခိုင်နှုန်းနှင့် ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများထုတ်ယူမှု ၁.၂၀ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် လူမှုကွန်ရက်ပလက် ဖောင်းများတွင် အလုပ်အကိုင်၊ ငွေကြေးမက်လုံးပေးသည့် ကြော်ငြာ အတုများဖြင့် အယုံသွင်းစည်းရုံးခေါ်ဆောင်မှုများ၊ စနစ်တကျဂိုဏ်းဖွဲ့ ကျူးလွန်သူများအား ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ နည်းပညာအသုံးပြု၍ ကျယ်ကျယ် ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ပြစ်ဒဏ်ချမှတ်မှုအနေဖြင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ယနေ့အထိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် ပြစ်ဒဏ်ချမှတ်မှု ၆၉ မှု တွင် တရားခံ ၁၂၂ ဦးအနက် ထောင်ဒဏ်(၂၅)နှစ် ၂ ဦး၊ ထောင်ဒဏ် နှစ်(၂၀) ၃၃ ဦး၊ ထောင်ဒဏ်(၁၀)နှစ်နှင့်အထက် ၇၉ ဦး၊ ထောင်ဒဏ် (၁၀)နှစ်အောက် ၈ ဦး တို့အား ထိုက်သင့်ပြစ်ဒဏ်များချမှတ်နိုင်ခဲ့ ပါသည်။

အိမ်နီးချင်းနိုင်ငံများအပါအဝင် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများသို့ ပို့ဆောင်ရန် မက်လုံးပေးစည်းရုံးပြောဆိုပြီး စုဆောင်းခြင်း များ တရားမဝင်ဆောင်ရွက်နေကြသည်ကို စိစစ်တွေ့ရှိရပါသည်။ ထိုသို့ တရားမဝင်ပို့ဆောင်သူများအား ၁၉၉၉ ခုနှစ် ပြည်ပအလုပ် အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး နစ်နာသူများ အား ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ယနေ့အထိ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့မှု ၂၃ မှု ရှိခဲ့ပြီး တရားခံ ကျား ၃၄ ဦး၊ မ ၃၉ ဦး၊ စုစုပေါင်း ၇၃ ဦးအား အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ပို့ဆောင်ခံရသူ ကျား ၂၁ ဦး၊ မ ၃၈ ဦး၊ စုစုပေါင်း ၅၉ ဦးတို့အား ကူညီကယ်တင်ပေး နိုင်ခဲ့ပါသည်။

ကြိုတင်ကာကွယ်ခြင်းသည် ထိရောက်သောဟန့်တားမှုဖြစ်သဖြင့် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ပြည်သူလူထုအား လူကုန်ကူးမှု အသိပညာပေးမှုခင်းသတင်း၊ ဆောင်းပါး၊ ကဗျာ၊ ဇာတ်လမ်းတိုများ၊ တေးသီချင်းများ၊ အသိပညာပေးစကားဝိုင်းများ စသည်တို့အား ထုတ်လွှင့်ပြသခြင်း၊ တယ်လီဖုန်းအော်ပရေတာများမှတစ်ဆင့် SMS ပေးပို့ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် Hot Line ဖုန်းများ တိုးချဲ့တပ်ဆင်ခဲ့ပြီး လူကုန်ကူးမှုသတင်းလက်ခံခြင်း၊ အချိန်နှင့်တစ်ပြေးညီဖော်ထုတ်ခြင်း၊ အရေးယူခြင်းနှင့် ကယ်တင် ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာန အချင်းချင်းပူးပေါင်း၍ မြို့ပြဒေသများတွင်သာမက ကျေးလက် ဒေသများအထိ ပြည်သူလူထုများ အသိပညာရရှိရေးအတွက် လူကုန် ကူးမှုအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ အသိပညာပေး Billboard များစိုက်ထူခြင်း၊ ကားဂိတ်၊ ရေဆိပ်၊ လေဆိပ်၊ ဘူတာရုံ စသည့် လူစည်ကားရာနေရာများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စတစ်ကာများကပ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများ အား တရားမဝင်ရွှေ့ပြောင်းသွားရောက်အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးခံရနိုင်ခြင်း၊ အဓမ္မခိုင်းစေခံရနိုင်ခြင်း၊ အလုပ်သမား အခွင့်အရေးများ အပြည့်အဝမရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းများ ကြုံတွေ့နိုင်ကြောင်းနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက် လျက်ရှိရာ အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင်လည်း ပြည်ပသို့ ထွက်ခွာမည့်သူများအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ သို့ တိုက်ရိုက်ဆက်သွယ်အကူအညီတောင်းခံနိုင်သည့် Whats App QR Code၊ Viber QR Code များပေးအပ်ကာ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

မြန်မာနိုင်ငံသို့ နယ်စပ်ဒေသများမှတစ်ဆင့် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာပြီး အခက်အခဲမျိုးစုံကြုံတွေ့နေရသည့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံရှိ သံရုံးများနှင့် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ အင်တာပိုလ်၏ National Central Bureau (NCB) လမ်းကြောင်းများမှတစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့် ပတ်သက်၍လည်း ကယ်တင်ရရှိသူများကို ၎င်းတို့၏နိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နယ်စပ်ဒေသများရှိ တရားမဝင် အွန်လိုင်းလောင်းကစားရုံများ၊ ငွေကြေးလိမ်လည်မှု ပြုလုပ်ကြသော Online Scam လုပ်ငန်းများသို့ လိမ်လည်ခေါ်ယူခြင်းများကို အုပ်စုဖွဲ့ စနစ်တကျ ကျူးလွန်လာကြသည့်အတွက် တရားမဝင် ဝင်ရောက်မှုနှင့် လူကုန်ကူးမှုဖြစ်စဉ်များမှ တားဆီးကာကွယ်ရန် မြို့ဝင်/မြို့ထွက် စစ်ဆေးရေးဂိတ်များ၊ နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ်များနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် အသိပညာပေးခြင်း၊ စစ်ဆေးခြင်းလုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ တားဆီးအသိပညာပေးကာ နေရပ်သို့ ပြန်လည်စေလွှတ်ခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါတွင် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရန်အလို့ငှာ သွေးဆောင်ခေါ်ယူခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် ထိုသူ၏ ဆန္ဒမပါဘဲ အတင်းအဓမ္မခိုင်းစေခြင်း၊ လူကုန်ကူးမှု ပါဝင်ပတ်သက်မှုရှိသော အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခြင်းများအတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ အွန်လိုင်းလိမ်လည်မှုများကို နည်းပညာပိုင်းဆိုင်ရာ အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းစောင့်ကြည့်ခြင်း၊ စိစစ်ဖော်ထုတ်ခြင်းနှင့် အရေးယူခြင်းတို့ကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် အွန်လိုင်းလိမ်လည်မှုကြောင့် အများပြည်သူ ထိခိုက်နစ်နာဆုံးရှုံးမှုကို တားဆီးကာကွယ်နိုင်ရန် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ၃၁-၇-၂၀၂၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃ ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်" နှင့်အညီ လူကုန်ကူးခံရသူများ၏ လူမှုဘဝရပ်တည်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး ထောက်ပံ့မှုပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ မိဘရပ်ထံပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် ကျွမ်းကျင်မှုသင်တန်းများပေးခြင်းတို့ကို လူကုန်ကူးခံရသူတစ်ဦးချင်းအတွက် သင့်လျော်သောဝန်ဆောင်မှုအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူကုန်ကူးခံရသူများအတွက် တရားရုံးရင်ဆိုင်နေစဉ်ကာလအတွင်း ခရီးစရိတ်၊ အစားအစာနှင့်ရိက္ခာ၊ ဆေးကုသစရိတ်၊ ဘဝရပ်တည်နိုင်ရေး နောက်ဆက်တွဲကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် လူကုန်ကူးခံရသူများအား လိုအပ်သည့်ပံ့ပိုးကူညီမှုများ၊ ညွှန်းပို့ကူညီမှုများ၊ နောက်ဆက်တွဲစောင့်ရှောက်မှုများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

လူပွဲစားများ၏ဖြားယောင်းသွေးဆောင်မှုကြောင့်လည်းကောင်း၊ မိမိတို့၏ သဘောဆန္ဒအရသော်လည်းကောင်း၊ အခြားသော အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ရွှေ့ပြောင်းသွားလာခြင်းဖြင့် ပြည်ပနိုင်ငံများသို့ တရားမဝင်ရောက်ရှိ၍ ဘေးဒုက္ခကြုံတွေ့နေသော မြန်မာနိုင်ငံသားများ ဘေးမသီရန်မခဘဲ ပြန်လည်ဝင်ရောက်လာနိုင်ရေးနှင့် ရွှေ့ပြောင်းလုပ်သားများအနက် လူကုန်ကူးခံရနိုင်ခြေရှိသည့် ထိခိုက်လွယ်အုပ်စုများအား စိစစ်ဖော်ထုတ်ပြီး တိုက်ရိုက်အကူအညီပေးခြင်း၊ ပြန်လည်ခေါ်ယူခြင်း၊ မိဘရပ်ထံပြန်လည်ပို့ဆောင်ပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းလုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ လုပ်ငန်းကဏ္ဍ(၄)ရပ်ဖြစ်သော မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ (Policy and Cooperation) ပါ လုပ်ငန်းစဉ် (၂၃) ခု၊ ကြိုတင်ကာကွယ်ရေးကဏ္ဍ (Prevention) ပါ လုပ်ငန်းစဉ် (၁၆) ခု၊ တရားစွဲဆိုရေးကဏ္ဍ (Prosecution) ပါ လုပ်ငန်းစဉ် (၂၀) ခု၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ (Protection) ပါ လုပ်ငန်းစဉ် (၂၅) ခုတို့အား ထိရောက်အောင်မြင်စေရန်အတွက် ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လူသားအရင်းအမြစ်ဖြစ်သည့် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များအား အွန်လိုင်းလိမ်လည်မှုများမှတစ်ဆင့် ဆက်နွယ်ဖြစ်ပေါ်လျက်ရှိသော လူကုန်ကူးမှုများ၊ လူကုန်ကူးမှုနှင့်ဆက်စပ်သည့် အဓမ္မခိုင်းစေမှုများ မခံရစေရေး တားဆီးကာကွယ်စောင့်ရှောက်ပေးခြင်းများကို ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆက်စပ်ဝန်ကြီးဌာနများမှ အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ၂၀၂၆ ခုနှစ်၊ (၁၄)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"လူကုန်ကူးမှု နောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ"** ဆိုသည့်အတိုင်း လူကုန်ကူးမှု၏ သားကောင်မဖြစ်စေရေးအတွက် လိမ်လည်ထောင်ချောက်ဆင် ကမ်းလှမ်းမှုများ၊ သတင်းအချက်အလက်များအား သေချာစွာစုံစမ်းလေ့လာပြီး လိမ်လည်လှည့်ဖြားသည့် ထောင်ချောက်များကို သတိပြုကာ မိသားစုနှင့် ပတ်ဝန်းကျင်ကို အသိပေးကာကွယ်ခြင်းဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် အတူတကွပူးပေါင်းပါဝင်ပြီး ဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင်တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှုများ လျော့နည်းကျဆင်းလာနိုင်မည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

# အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) လည်ပတ်နိုင်ရေးအတွက် စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) လည်ပတ်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းဖြစ်သည့် စက်တပ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြီးစီးပါက စက်စမ်းသပ်လည်ပတ်ခြင်း၊ စီးပွားဖြစ် ကုန်ထုတ်လုပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်မှာကြားသည်။



ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သည် သဘောသဘာဝ မတူညီသည့် ပညာရပ်ပိုင်းဆိုင်ရာများ၊ မတူညီသည့် စက်ရုံခွဲများ စုစည်းလည်ပတ်ရမည်ဖြစ်၍ စည်းလုံးညီညွတ်စွာ ပေါင်းစည်းဆောင်ရွက်ရန်၊ စက်ပစ္စည်းများအား ကြိုတင်စစ်ဆေး ပြုပြင်ခြင်းစနစ်များ ထူထောင်၍ စနစ်တကျဆောင်ရွက်သွားရန်၊ သံစိမ်းထုတ်လုပ်သည့် နည်းပညာရရှိရေး၊ စက်ရုံအား ကိုယ်တိုင်မောင်းနှင်လည်ပတ်၍ အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး လေ့လာကြိုးစား ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လျှင် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များအား ခန့်ထားနိုင်ရေး စီမံဆောင်ရွက်နေမှု၊ ထုတ်ကုန်များအား ဖြန့်ဖြူးရောင်းချနိုင်ရေးစီမံထားရှိမှု၊ ကုန်ချောများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် သတ်မှတ်ထားသည့် အရည်အသွေးမီ ကုန်ကြမ်းများရရှိရေး ဆောင်ရွက်နေမှု၊ သံစိမ်းထုတ်လုပ်မှုနည်းပညာရရှိရေး စီမံဆောင်ရွက်နေမှု၊ ဘဏ္ဍာငွေရရှိသုံးစွဲမှု၊ စီမံကိန်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့အတူ ဒုတိယဝန်ကြီး ဦးသွင်အောင်က ကျန်ရှိသည့် စီမံကိန်းလုပ်ငန်းများအား စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်ရေး၊ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကာလ ပြီးမြောက်၍ ရေရှည်ဆက်လက်လည်ပတ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့နှင့်အတူ ရှမ်းပြည်နယ် MSME အေဂျင်စီအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် MSME (၁၀၀၀) အောင်မြင်ခြင်းသည် မြို့တစ်မြို့၏ စီးပွားရေးရှင်သန်လာခြင်း၊ MSME အများအပြားအောင်မြင်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေး ပြန်လည်ဦးမော့လာခြင်းဖြစ်သည့်အတွက် MSME ဖွံ့ဖြိုးတိုးတက်ရေးသည် စီးပွားရေးမူဝါဒ တစ်ရပ်သာမဟုတ်ဘဲ လူကိုဗဟိုပြုသော အမျိုးသားဖွံ့ဖြိုးရေးမဟာဗျူဟာတစ်ရပ်ဖြစ်ကြောင်း၊ ပြည်နယ်အေဂျင်စီအဖွဲ့ဝင်များအနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့အတူ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ပစ္စည်း၊ နည်းပညာ၊ အရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ်၊ ကုန်ကြမ်းရရှိရေး ဆောင်ရွက်ပေးနေမှု၊ နည်းပညာမျှဝေပေးရေးသင်တန်းများ ဖွင့်လှစ်နေမှု၊ ပြည်နယ်အတွင်း MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ MSME အေဂျင်စီအနေဖြင့် လုပ်ငန်းတာဝန်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးသွင်အောင်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ အမှတ်(၂)သံမဏိ စက်ရုံ(ပင်းပက်) အစည်းအဝေးခန်းမ၌ အဆိုပါစက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိစွာ ပြန်လည်လည်ပတ်နိုင်ရေးအတွက် လက်ရှိလုပ်ငန်းလိုအပ်ချက်များ၊ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အန္တရာယ်ကင်းရှင်းစွာ လည်ပတ်နိုင်ရေးအတွက် အပိုင်းအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လင်းခေးမြို့၌ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**လင်းခေး စက်တင်ဘာ ၁၂**

ပြည်သူများအနေဖြင့် မိမိတို့ဒေသ၌ ဖြစ်ပေါ်နေသည့် အကြောင်းကိစ္စများအား ဆွေးနွေးမှုများ ရှိလာစေရေးနှင့် ပြည်သူများ စဉ်းစားတွေးခေါ်မှု မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေး တတ်လာစေရေးတို့ကို ရည်ရွယ်လျက် "လူမှုစီးပွားဖွံ့ဖြိုးရေး"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လင်းခေးမြို့နယ် နွယ်ဝတီ ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစံ(ခ) ဦးစိုင်းဆေဟန်က လွှတ်တော် အတွေ့အကြုံများ ရှင်းလင်းခြင်းနှင့် လင်းခေးမြို့နယ်၏ လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်းသည်များအား ဆွေးနွေးပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့်ဒေသခံမိဘပြည်သူများက မိမိတို့ဒေသ လူမှုစီးပွား ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိလိုသည်များအား တစ်ဦးချင်းအလိုက် တင်ပြဆွေးနွေးခဲ့ကြရာ သက်ဆိုင်ရာ ကဏ္ဍအလိုက်တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**


**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ။**


# မြန်မာ့ရာသီဥတုနှင့် အယ်လ်နီညိုဖြစ်စဉ်

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

၂၀၂၆ ခုနှစ် ဩဂုတ်လတွင် အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနေပြီး ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် အားအလွန်ကောင်းသော အယ်လ်နီညို အခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ ၂၀၂၆ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ၂၀၂၇ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလများအထိ အားအကောင်းဆုံး အယ်လ်နီညိုအဖြစ် ဆက်လက်တည်ရှိနေပြီး ရှေ့လာမည့်ကာလများအတွင်း အလွန်အားကောင်းသည့် အယ်လ်နီညိုဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်စဉ်များဖြစ်သည့် ၁၉၈၂-၁၉၈၃၊ ၁၉၉၇-၁၉၉၈ နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်များ၌ အိန္ဒိယနိုင်ငံတွင် မုတ်သုံ မိုးရွာသွန်းမှု သိသိသာသာကျဆင်းခဲ့ခြင်း၊ အရှေ့တောင်အာရှတွင် စပါးအထွက်နှုန်း ကျဆင်းပြီး စားရေရိက္ခာဈေးနှုန်းများ မြင့်တက်ခဲ့ခြင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် တောမီးများ လောင်ကျွမ်းခဲ့မှုမှာ ထိန်းချုပ်မရဖြစ်ကာ မီးခိုးမြူငွေ့များ အိမ်နီးချင်းနိုင်ငံများအထိ ပျံ့နှံ့ခြင်း စသည့် ဆိုးကျိုးများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။






အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်ခန့်မှန်းချက်ပြပုံ။

## မြန်မာနိုင်ငံတွင် အယ်လ်နီညိုဖြစ်စဉ်နှစ်များ၏ သက်ရောက်မှုများ

မြန်မာနိုင်ငံ၏ မိုးလေဝသမှတ်တမ်းများအရ အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်သည့် ၁၉၉၇-၁၉၉၈ ခုနှစ်သည် ယင်းကာလများတွင် အပူဆုံးနှင့်အခြောက်သွေ့ဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့ပါသည်။ ဧရာဝတီမြစ်အပါအဝင် မြန်မာနိုင်ငံ၏အဓိက မြစ်ကြီးများ၌ မြစ်ရေစံချိန်တင် ကျဆင်းခဲ့ရပြီး ရေကြောင်းသွားလာရေးနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတို့တွင် ကြီးမားသောအခက်အခဲများ ကြုံတွေ့ခဲ့ရပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သော အားကောင်းသော အယ်လ်နီညိုဖြစ်စဉ်ကြောင့်လည်း စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင် အပူချိန် ၄၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိခဲ့ပြီး အဆိုပါကာလအတွင်း မြန်မာနိုင်ငံ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ် တင်ခဲ့ပါသည်။ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်တွင် ရေခန်းခြောက်မှုဖြစ်စဉ်များဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံ မြေလတ်ဒေသများတွင်ပါ သောက်သုံးရေပြတ်လပ်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း မကွေးတိုင်းဒေသကြီး ချောက်မြို့တွင် အပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ရာ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ နှစ်ပေါင်း ၅၆ နှစ်တာ မှတ်တမ်းတင်ခဲ့သမျှတွင် အမြင့်ဆုံးသော သမိုင်းဝင် အပူချိန်စံချိန်သစ်ဖြစ်ခဲ့ပါသည်။



၂၀၁၀ ပြည့်နှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန် ရေခန်းခြောက်မှု ဖြစ်ပွားပုံ။


### အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံအပေါ် သက်ရောက်နိုင်မှုများ

အယ်လ်နီညိုနှစ်များတွင် အီကွေတာအနီး ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် ပုံမှန်ထက် ပိုမိုပူနွေးလာကာ အီကွေတာတစ်လျှောက်ရှိ ကုန်သည်လေများ အားလျော့သွားပြီး အထက်လေထုလွှာတွင် “Walker Circulation” သည် ပုံသဏ္ဌာန်မမှန်တော့ဘဲ ဆဲလ်များ ကွဲထွက်သွားကာ တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေတစ်လျှောက်၌ ပုံမှန်အေးမြခြောက်သွေ့သည့် မိုးလေဝသဖြစ်စဉ်များ အစား ပူနွေးစိုစွတ်သည့်ဖြစ်စဉ်များ အစားထိုးဝင်ရောက်လာပါသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတစ်လျှောက် လေထုနှင့် သမုဒ္ဒရာ လှည့်ပတ်မှုများကြောင့် ဖြစ်ပေါ်သည့် ဖြစ်စဉ်တစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံအပေါ်သို့ ချက်ချင်းသက်ရောက်နိုင်မည် မဟုတ်သော်လည်း စက်တင်ဘာလတွင် အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်ပေါ်ပါက ၁၉၈၂-၁၉၈၃၊ ၁၉၉၇-၁၉၉၈၊ ၂၀၁၅-၂၀၁၆ နှင့် ၂၀၂၃-၂၀၂၄ ခုနှစ်တို့တွင် ဖြစ်ပေါ်ခဲ့သော အယ်လ်နီညိုဖြစ်စဉ်များအရ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် သက်ရောက်မှုရှိနိုင်ပါသည်။ အလယ်ပိုင်းဒေသများဖြစ်သည့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် အပူလှိုင်းဖြတ်ခြင်း၊ လေထုစိုထိုင်းဆနည်းပါးပြီး ပူပြင်းခြောက်သွေ့ခြင်း၊ မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်းရေကန်များ ခန်းခြောက်ခြင်းများ ဖြစ်ပေါ်နိုင်ပြီး အကျိုးဆက်အနေဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ သီးနှံများ ပျက်စီးခြင်း၊ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားလွယ်ခြင်း စသည်တို့ ဖြစ်ပေါ်နိုင်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် သက်ရောက်မှုအနေဖြင့် မိုးရွာသွန်းမှု ပုံစံမှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းများ ဖြစ်ပေါ်နိုင်ကာ အကျိုးဆက်အနေဖြင့် စပါးနှင့် အခြားသီးနှံ အထွက်နှုန်း လျော့နည်းနိုင်ခြင်း၊ ရေချိုဝင်ရောက်မှုနည်းသဖြင့် ရေငန်ဝင်ရောက်မှု ပိုမိုမြင့်တက်နိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ တောင်တန်းဒေသများနှင့် ကမ်းရိုးတန်းဒေသများဖြစ်သော ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် သက်ရောက်မှုအနေဖြင့် သောက်သုံးရေရှားပါးခြင်း၊ အပူချိန်ပုံမှန်ထက် ပိုမိုမြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်ကာ အကျိုးဆက်များအနေဖြင့် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ခြင်း၊ တောမီးလောင်ကျွမ်းမှုအန္တရာယ် မြင့်မားခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ အဓိကထိခိုက်နိုင်သည့် ကဏ္ဍများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့တွင် စိုက်ပျိုးရေ လျော့နည်းခြင်းကြောင့် စပါး၊ ပဲ၊ နှမ်းနှင့် ဆီထွက်သီးနှံများ ပျက်စီးနိုင်ခြင်း၊ အပူဒဏ်ကြောင့် တိရစ္ဆာန်များ ရောဂါရလွယ်ခြင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် အပူဒဏ်ကြောင့် အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း စသည့်ရေမှတစ်ဆင့် ကူးစက်ရောဂါများ ဖြစ်ပွားခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလျော့ကျနိုင်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။



၂၀၁၀ ပြည့်နှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံမြေလတ်ဒေသများတွင် သောက်သုံးရေပြတ်လပ်မှုဖြစ်စဉ်ပြပုံ။




အယ်လ်နီညိုနှစ်များတွင် ပစိဖိတ်သမုဒ္ဒရာနှင့် ဆက်စပ်နေသည့် လေထုအခြေအနေပြပုံ။

အဆိုပါဖြစ်စဉ်များအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည့် အချက်များအနေဖြင့် ရေသိုလှောင်နိုင်သည့် ရေကန်များ၊ မိုးရေစုဆောင်းသည့်စနစ်များကို ကြိုတင်ပြင်ဆင်နိုင်ရန် လိုအပ်ပါသည်။ ရေလိုအပ်ချက် နည်းပါးပြီး အပူဒဏ်ခံနိုင်သော သီးနှံမျိုးစေ့များ (ဥပမာ – ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း) ပြောင်းလဲစိုက်ပျိုးရန် ပြင်ဆင်သင့်ပါသည်။ စိုက်ပျိုးရေကို အလေအလွင့်မရှိစေဘဲ အစက်ချစနစ်ကဲ့သို့ စိစစ်သုံးစွဲသည့် နည်းလမ်းများ ကျင့်သုံးသင့်ပါသည်။ ကျန်းမာရေးနှင့် လူနေမှုဘဝ ကြိုတင်ပြင်ဆင်မှုများအနေဖြင့် အပူရှိန်မြင့်မားချိန်ဖြစ်သည့် နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအတွင်း ပြင်းထန်သော အလုပ်အကိုင်များ လုပ်ကိုင်ခြင်းနှင့် နေပူထဲထွက်ခြင်းများကို ရှောင်ကြဉ်သင့်ပါသည်။ သောက်သုံးရေကို ကြိုချက်သောက်သုံးခြင်း၊ ရေဓာတ်မခန်းခြောက်စေရန် ရေနှင့်ဓာတ်ဆားရည် သောက်သုံးခြင်း၊ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များကို အပူဒဏ်မှ ကြိုတင်ကာကွယ်ရန် ပိုမိုဂရုစိုက်သင့်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုအနေဖြင့် တောမီးလောင်ကျွမ်းမှု မဖြစ်ပွားစေရန် သစ်တောနယ်မြေများနှင့် ကျေးရွာများအနီး မီးတားလမ်းများ ကြိုတင်ပြုလုပ်ရန် လိုအပ်ပြီး အပူဒဏ်အန္တရာယ် ကာကွယ်ရန်အတွက် အပူရှောင်စခန်းများ ဖွင့်လှစ်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းများအား ဆောင်ရွက်သင့်ပါကြောင်း အကြံပြုနှိုးဆော်အပ်ပါသည်။ ။

> ❝ အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတစ်လျှောက် လေထုနှင့် သမုဒ္ဒရာလှည့်ပတ်မှုများကြောင့် ဖြစ်ပေါ်သည့် ဖြစ်စဉ်တစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံအပေါ်သို့ ချက်ချင်းသက်ရောက်နိုင်မည် မဟုတ်သော်လည်း စက်တင်ဘာလတွင် အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်ပေါ်ပါက ၁၉၈၂-၁၉၈၃၊ ၁၉၉၇-၁၉၉၈၊ ၂၀၁၅-၂၀၁၆ နှင့် ၂၀၂၃-၂၀၂၄ ခုနှစ်တို့တွင် ဖြစ်ပေါ်ခဲ့သော အယ်လ်နီညိုဖြစ်စဉ်များအရ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် သက်ရောက်မှုရှိနိုင် ❞

# ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ထားပြီးဖြစ်သော ကျော်မိုးထွန်း၏ တရားမဝင် လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ်မှ ထုတ်ပယ်ထားပြီးဖြစ်သော ကျော်မိုးထွန်း၏ တရားမဝင် လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်ပါအတိုင်း အသိပေးထုတ်ပြန်အပ်သည်။

ကျော်မိုးထွန်းသည် နိုင်ငံတော်မှ ပေးအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း မရှိဘဲ သံတမန်ကျင့်ဝတ် ပျက်ယွင်းစွာ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ခြင်း၊ တရားမဝင် အဖွဲ့အစည်းများအား သစ္စာခံကိုယ်စားပြုလှုပ်ရှားခြင်းတို့ကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ် (Dismissal) ခဲ့ပြီး ဖြစ်သည်။

ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခံရပြီးဖြစ်သော်လည်း ကျော်မိုးထွန်းသည် နယူးယောက်မြို့ရှိ နိုင်ငံတော်ပိုင် အဖွဲ့ရုံးရှိ ရုံးခန်းနေရာ၊ ရုံးအကြီးအကဲနေအိမ်နှင့် နိုင်ငံတော်ပိုင် မော်တော်ယာဉ် စသည့် နိုင်ငံတော်ပိုင်ပစ္စည်းများကို ဆက်လက်အသုံးပြုလျက်ရှိကြောင်း တွေ့ရှိရသည်။

ထို့ပြင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအထိ နယူးယောက်မြို့၊ Bank of America ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၏ ဘဏ်ငွေစာရင်းတွင် နိုင်ငံပိုင်ဘဏ္ဍာငွေမှာ အမေရိကန်ဒေါ်လာ ၂.၇၆ သန်းနှင့်ယူရို ၃၈၂၃၃.၆၂ ကျန်ရှိကြောင်း သိရှိရသည်။ အဆိုပါ လက်ကျန်ဘဏ္ဍာငွေများကို နိုင်ငံတော်၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်ယူသုံးစွဲခြင်း၊ ၎င်း၏ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစား ပြုလုပ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း စုံစမ်းသိရှိရသည်။ သို့ပါ၍ ကျော်မိုးထွန်းအနေဖြင့် ဘဏ်တွင်ရှိသော နိုင်ငံပိုင်ဘဏ္ဍာငွေများကို မည်သည့်ခေါင်းစဉ်များဖြင့် သုံးစွဲထားသည်ကို အထောက်အထားများနှင့်တကွ ရှင်းလင်းရန် လိုအပ်မည်ဖြစ်သည်။

ထို့ပြင် ကျော်မိုးထွန်းသည် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့် CRPH အဖွဲ့တို့နှင့် တိုက်ရိုက်ဆက်သွယ်ကာ ၎င်းတို့၏ သစ္စာခံ ကိုယ်စားလှယ်အဖြစ် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂစင်မြင့်ကို အလွဲသုံးစား ပြုကာ အွန်လိုင်းပေါ်တွင် ပုံရိပ်ယောင် တရားဝင်မှုပြသပြီး NUG အတွက် အလှူငွေကောက်ခံရန် ဝါဒဖြန့်လက်နက်တစ်ခုအဖြစ် လုပ်ဆောင်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်း အပြစ်မဲ့ပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်နေသည့် တရားမဝင် အကြမ်းဖက်လှုပ်ရှားမှုများကို နိုင်ငံတကာ စင်မြင့်၌ ဖုံးကွယ်ကာကွယ်ပေးခြင်း၊ လှုံ့ဆော် အားပေးခြင်းတို့ဖြင့် အကြမ်းဖက်လုပ်ရပ်များတွင် တိုက်ရိုက်ကြံရာပါအဖြစ် ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အထက်ဖော်ပြပါ လုပ်ရပ်များနှင့်ပတ်သက်၍ ကျော်မိုးထွန်းအား နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုအတွက် ရာဇသတ်ကြီးပုဒ်မ ၁၂၂(၂)ဖြင့်ဒက္ခိဏခရိုင်တရားရုံးတွင် ရာဇဝတ်မှုအမှတ် (၃၂/၂၀၂၁)ဖြင့် အမှုဖွင့်လှစ်၍ ဖမ်းဝရမ်းထုတ်ဆင့်ထားရှိပြီးဖြစ်သည်။ ထို့ပြင် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ၆(၁)နှင့်ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က တို့အရ အရေးယူဆောင်ရွက်ထားရှိပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) တို့အရ ထပ်မံတရားစွဲဆိုပြီးဖြစ်သည်။

လက်ရှိတွင် ကျော်မိုးထွန်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ တို့အရ တရားခံပြေးအဖြစ် ကြေညာ၍ တရားရုံးအမိန့်များ ထုတ်ဆင့်ထားရှိပြီး INTERPOL နှင့် United States National Central Bureau (USNCB) တို့မှတစ်ဆင့် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးနှင့် ပူးပေါင်းကာ အမေရိကန်ရဲတပ်ဖွဲ့နှင့် ချိတ်ဆက်အရေးယူနိုင်ရေး သံတမန်လမ်းကြောင်းမှ ဆက်လက်ဆောင်ရွက်ရန်ရှိသည်။

သို့ဖြစ်ပါ၍ ကျော်မိုးထွန်း၏ နိုင်ငံပိုင်ဘဏ္ဍာငွေနှင့် ပစ္စည်းများအား အလွဲသုံးစားပြုလုပ်မှု၊ တရားမဝင်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုနှင့် နိုင်ငံတော် ကိုယ်စားပြုခွင့်မရှိဘဲ ကုလသမဂ္ဂ မျက်နှာစာအား အသုံးပြု၍ လှုပ်ရှားဆောင်ရွက်နေမှုများကြောင့် ၎င်း၏ပုဂ္ဂိုလ်ရေး ယုံကြည်ကိုးစားမှု (Credibility) နှင့် ကိုယ်စားပြုခွင့်အပေါ် မေးခွန်းထုတ်စရာ ဖြစ်ပေါ်လျက်ရှိသည်။ ကျော်မိုးထွန်းသည် ကုလသမဂ္ဂတွင် မြန်မာနိုင်ငံ ကိုယ်စားပြုမှု ဆက်လက်ရရှိနေခြင်းမှာ တရားဝင် အသိအမှတ်ပြုခံရခြင်း မဟုတ်ဘဲ ခန့်အပ်လွှာ စိစစ်ရေးကော်မတီ (Credentials Committee) ၏ ဆုံးဖြတ်ချက်ကို နှစ်စဉ် ဆိုင်းငံ့ထားခြင်း (Deferral) အပေါ် အခြေခံသည့် ယာယီအခြေအနေသာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျော်မိုးထွန်းအား မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှု/တရားဝင် ကိုယ်စားလှယ်အဖြစ် ပယ်ဖျက်ရုပ်သိမ်းထားပြီး ဖြစ်ပါကြောင်းနှင့် ၎င်း၏တရားမဝင် ထုတ်ပြန်ချက်များ၊ လှုံ့ဆော်မှုများသည် မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံး၏ သဘောထား မဟုတ်ကြောင်း ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အသိုက်အဝန်းနှင့် သံတမန်ဆက်ဆံရေးရှိသော အစိုးရများအားလုံးထံ လေးနက်စွာ အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်**

## ကျုံပျော်ခရိုင်အတွင်း ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်



ပုသိမ် စက်တင်ဘာ ၁၂

**ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်ပြီး ရေဘေးဖြစ်ပွားခဲ့သည့် ကျုံပျော်ခရိုင်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။**

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးပြီး ရေပြန်လည်ကျဆင်း၍ မိမိတို့နေရပ်တွင် ပြန်လည်နေထိုင်ကြမည့် ရေဘေးသင့်ပြည်သူများကို အားပေးစကား ပြောကြားကာ ဆန်ရိက္ခာ၊ ဆီ၊ ဆား၊ ပဲနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ ကျုံပျော်မြို့ ပင်လုံရပ်ကွက် ဘုရားကြီးလမ်းနှင့် သောင်တန်းလမ်း၌ ရေပြန်လည်ကျဆင်း၍ မိမိတို့၏ နေအိမ်များတွင် ပြန်လည်နေထိုင်သော ရေဘေးသင့် ပြည်သူများနှင့် ဖိုးထောင့်ကျေးရွာတွင် ရေပြန်လည်ကျဆင်း၍ နေအိမ်များတွင် ပြန်လည်နေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများကို သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆန်ရိက္ခာ၊ ဆီ၊ ဆား၊ ပဲနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ သောင်ရွာကျေးရွာအုပ်စု၊ ဒါးကချောင်းမှတစ်ဆင့် ရေဆင်းလမ်းကြောင်း ရေစီးဆင်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ရေကြည်မြို့ မိုးလုံလေလုံ အားကစားရုံရှိ ရေဘေးသင့်ပြည်သူများနှင့် ဗထူးရပ်ကွက်၊ ပန်းတိမ်တန်းလမ်းအတွင်း ရေပြန်လည်ကျဆင်း၍ မိမိတို့နေအိမ်များတွင် ပြန်လည်နေထိုင်ကြသော ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ငသိုင်းချောင်းမြို့ ပြည်သူ့ဆေးရုံတွင် ရေပြန်လည်ကျဆင်းသဖြင့် ဆေးရုံပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအဖွဲ့များ၊ ဒေသခံပြည်သူများ စုပေါင်း၍သန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး သန့်ရှင်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ငသိုင်းချောင်းမြို့ အောင်ဆန်းရပ်ကွက် သူရလွင်လမ်းတွင် ရေပြန်လည်ကျဆင်း၍ နေအိမ်များသို့ ပြန်လည်နေထိုင်ကြသော ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်ပြီး ရေပြန်လည်ကျဆင်း၍ ဈေးဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်နေမှု ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

***❖ကျောဖုံးမှ***

ရိုက်ခတ်မှုများ ဖြစ်ပေါ်စေခဲ့သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တောင်သူလက်ဝယ်သို့ ယူရီးယားဓာတ်မြေဩဇာများကို အချိန်မီ ဖြန့်ဖြူးရောက်ရှိနိုင်ရေး သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့သွားချိန်တွင် ယူရီးယားဓာတ်မြေဩဇာ သင်္ဘောများ ဖြတ်သန်းသွားလာရန် အခက်အခဲကြောင့် ယခင်ကဲ့သို့သင်္ဘော ကြီး/ငယ် ရွေးချယ်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရေလက်ကြားရှိ သင်္ဘောများဖြင့်သာ ချိတ်ဆက်တင်သွင်းနိုင်ရေး ကြိုးစားဆောင်ရွက်ခဲ့ရပြီး ရေလက်ကြားမှ ကျော်ဖြတ်လာနိုင်သည့် ယူရီးယားဓာတ်မြေဩဇာတန်ချိန် ၅၀၀၀၀ တင်ဆောင်လာသည့် သင်္ဘောဖြင့်ချိတ်ဆက်၍ မှာယူတင်သွင်း သယ်ဆောင်လာရာတွင် အဆိုပါ သင်္ဘော၏ ရေစူးမှာ ၁၂ ဒသမ ၃၅ မီတာရှိပြီး ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းရေစူးမှာ ၁၀ ဒသမ ၅၀ မီတာသာရှိ၍ ဝင်ရောက်နိုင်ခြင်းမရှိသည့် အခက်အခဲ ကြုံတွေ့နေရသည်။

လိုအပ်သော ဓာတ်မြေဩဇာကို ပြည်တွင်း၌ ထုတ်လုပ်နေသည့်အပြင် ပြည်ပမှလည်း တင်သွင်းနေရပြီး အရှေ့အလယ်ပိုင်း(ပင်လယ်ကွေ့ဒေသ)မှ ဖြတ်သန်းတင်သွင်းမှုအပေါ် အဓိကမှီခိုနေရပြီး အဆိုပါ အခြေအနေများကြောင့် မော်လမြိုင်မြို့အနီးနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းတို့တွင် ပြောင်းရွှေ့ကျောက်ချရပ်နားခြင်း၊ ကုန်စည်လျှော့ချ၍ ဝင်ရောက်ဆိုက်ကပ်နိုင်ရေး ညှိနှိုင်းခြင်းတို့ကို ပြုလုပ်ပြီး ယူရီးယားဓာတ်မြေဩဇာ တန်ချိန် ၅၀၀၀၀ အနက် တန်ချိန် ၉၆၀၀ခန့်ကို သင်္ဘောငယ်လေးစင်းဖြင့် Ship to Ship Operation ပြုလုပ်ပြီး ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများသို့ တစ်ပေါင်းတည်း ဆိုက်ကပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ရန်ကုန်ဆိပ်ကမ်းတွင် သင်္ဘောငါးစင်း ဆိုက်ကပ်၍ ကုန်ချမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၁၉ ရက်အထိ စုစုပေါင်း ယူရီးယားဓာတ်မြေဩဇာ တန်ချိန် ၂၂၁၅၅ တန် ဆိပ်ကမ်းချပြီးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**TWA**

***●ကျောဖုံးမှ***

တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ပြင် ၎င်းသည် ၂၀၀၅ ခုနှစ် ဝင်ဘယ်ဒန်ပြိုင်ပွဲတွင် အန်ဒီရော့ဒစ်ပြီးနောက် ဂရင်းဆလမ်းဗိုလ်လုပွဲသို့ တက်လှမ်းနိုင်သည့်အသက်အငယ်ဆုံး အမေရိကန်တင်းနစ်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ၎င်းသည် ပြိုင်ပွဲတစ်လျှောက်တွင် ဂရိတ်စပူး၊ စစ်ဆီပတ်စ်၊ အယ်ကာရက်ဇ် စသည့် ထိပ်တန်းတင်းနစ်အကျော်အမော်များကို အနိုင်ယူကျော်ဖြတ်ထားသည်။

ဘင်ရှဲလ်တန်သည် ယူအက်စ်အိုးပင်းတင်းနစ်အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဂျာမနီတင်းနစ်အကျော်အမော် အလက်ဇန်းဒြား ဇဗဲရက်ဗ်နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဇဗဲရက်ဗ်သည် ဆီမီးဖိုင်နယ်တွင် ရုရှားတင်းနစ်ကစားသမား ကာရင်ခါချာနော့ဗ်ကို ၆-၃၊ ၇-၆ (၉-၇)၊ ၇-၆ (၈-၆) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့တက်လှမ်းလာသူဖြစ်သည်။

**အောင်ဇော်**

နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ပင်လယ်ရေမျက်နှာပြင် ပျမ်းမျှအပူချိန် ရက်ပေါင်း ၁၀၀ ဆက်တိုက် စံချိန်တင်မြင့်တက်

**နယူးယောက် စက်တင်ဘာ ၁၂**

ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်၏ ပျမ်းမျှအပူချိန်သည် ရက်ပေါင်း ၁၀၀ ဆက်တိုက်စံချိန်တင် မြင့်တက်ခဲ့ကြောင်း အမေရိကန်သုတေသနအဖွဲ့တစ်ဖွဲ့က ပြောသည်။

Climate Central သုတေသနအဖွဲ့သည် ဝင်ရိုးစွန်းဒေသများကို ချန်လှပ်ကာ အမေရိကန် အမျိုးသားသမုဒ္ဒရာနှင့် လေထုဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ (NOAA) ၏ အချက်အလက်များကို အခြေခံ၍ ကမ္ဘာတစ်ဝန်းရှိ ပင်လယ်ရေမျက်နှာပြင်အပူချိန်များကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။



အဆိုပါအဖွဲ့က ၎င်းတို့၏ နောက်ဆုံး သုတေသနရလဒ်များကို စက်တင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ရာ ပဏာမကိန်းဂဏန်း အချက်အလက်များအရ ပင်လယ်ရေမျက်နှာပြင် ပျမ်းမျှအပူချိန်သည် ယခုနှစ် ဇွန် ၂ ရက်မှစတင်၍ နေ့စဉ် စံချိန်တင်မြင့်တက်နေကြောင်း ဖော်ပြထားသည်။

ထို့အပြင် လက်ရှိပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ၁၉၈၂ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်ကြား ပျမ်းမျှအပူချိန်ထက် ၁ ဒီဂရီဆဲလ်စီးယပ်စ်ခန့် ပိုမိုမြင့်တက်လာကြောင်း သိရသည်။ ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှုကြောင့် ဖြစ်ပေါ်လာသော အပူချိန်လွန်ကဲမှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို သမုဒ္ဒရာက စုပ်ယူထားသောကြောင့် ယခုကဲ့သို့ ပင်လယ်ရေမျက်နှာပြင် အပူချိန် မြင့်တက်လာရခြင်းဖြစ်ကြောင်း အဆိုပါသုတေသနအဖွဲ့က ထောက်ပြပြောကြားသည်။

လက်ရှိ ဖြစ်ပေါ်နေသော အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကလည်း စံချိန်တင်သမုဒ္ဒရာအပူချိန်များကို ဖြစ်ပေါ်စေကြောင်း၊ ယင်းအခြေအနေသည် လာမည့်နှစ်အထိ ဆက်လက်တည်ရှိနေနိုင်ကြောင်းနှင့် ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်မှုကို ထိန်းချုပ်နိုင်ရေးအတွက် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများကို လျှော့ချရန် လိုအပ်ကြောင်း အဆိုပါသုတေသနအဖွဲ့က ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



# ဟန်ဂေရီ၌ စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကြောင့် ဒီဇယ်ကား ပိုင်ရှင်တစ်သန်းနီးပါးအတွက် ထောက်ပံ့ကြေးပေးရန် စီစဉ်

**ဘူဒါပက်စ် စက်တင်ဘာ ၁၂**

ဟန်ဂေရီအစိုးရက စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှုကို သက်သာစေရန် ကားပိုင်ရှင် တစ်သန်းနီးပါးအား ဒီဇယ်ဆီထောက်ပံ့ကြေးအဖြစ် ဒီဇင်ဘာလအထိ တစ်လလျှင် ဖောရင့် ၅၀၀၀ (အမေရိကန်ဒေါ်လာ ၁၆ ဒေါ်လာခန့်) ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ပီတာ မာဂျာက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

ယင်းစီမံချက်အရ တစ်ဦးချင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူများအပါအဝင် အင်ဂျင်စွမ်းအားမြင်းကောင်ရေ ၁၅၀ အထိရှိသော ဒီဇယ်သုံးမော်တော်ယာဉ်ပိုင်ရှင်များကို ထောက်ပံ့ကြေး ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထောက်ပံ့ကြေးရရှိရန် အကျုံးဝင်သူများသည် တစ်လလျှင် ဖောရင့် ၅၀၀၀ နှုန်းဖြင့် လေးလတာကာလအတွင်း စုစုပေါင်း ဖောရင့် ၂၀၀၀၀ (အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၉၇ ခန့်) ရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အစိုးရအနေဖြင့် ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် စိုက်ပျိုးရေးထုတ်လုပ်မှု ကုန်ကျစရိတ်များမြင့်တက်လာခြင်းနှင့် ထိုမှတစ်ဆင့် အစားအသောက်ဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကို ကြိုတင်ကာကွယ် တားဆီးရန် ရည်ရွယ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဟန်ဂေရီနိုင်ငံ၌ မကြာသေးမီသီတင်းပတ်များအတွင်း ဒီဇယ်ဆီဈေးနှုန်းများ သိသိသာသာမြင့်တက်လာခဲ့ပြီး တစ်လီတာလျှင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၄ ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ပြင်သစ်နိုင်ငံ အနောက်မြောက်ပိုင်း၌ ရထားလမ်းချော်မှုကြောင့် ၄၄ ဦး ဒဏ်ရာရ

**ပါရီ စက်တင်ဘာ ၁၂**

ပြင်သစ်နိုင်ငံ အနောက်မြောက်ပိုင်း စိန်း-မာရီတိမ်းခရိုင်တွင် စက်တင်ဘာ ၁၁ ရက် ညနေပိုင်းက ခရီးသည်တင်ရထား တစ်စီးတစ်ပိုင်း လမ်းချော်မှုဖြစ်ပွားခဲ့ရာ ၄၄ ဦး ဒဏ်ရာရရှိပြီး တစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိကြောင်း ပြင်သစ်သတင်းစာ လီဖီဂါရိုတွင် ဖော်ပြထားသည်။

ဒေသတွင်း ပြေးဆွဲသည့် အမြန်ရထား (TER) ပေါ်တွင် ခရီးသည် ၁၈၀ ခန့် လိုက်ပါလာပြီး စိန်း-မာရီတိမ်းခရိုင် ကလီးယွန်မြို့အနီးတွင် ရထားလမ်းချော်မှု ဖြစ်ပွားခဲ့ကြောင်း ပြင်သစ်သယ်ယူပို့ဆောင်ရေးဝန်ကြီး ဖိလစ်တာဘာရော့က လူမှုကွန်ရက်မှတစ်ဆင့် ပြောကြားခဲ့သည်။

ဒဏ်ရာရရှိသူများနှင့် ကျန်ရှိနေသည့် ခရီးသည်များကို ကူညီရန် အခင်းဖြစ်ပွားရာနေရာသို့ မီးသတ်သမား ၁၄၀ နီးပါး စေလွှတ်ခဲ့ကြောင်း ၎င်းက ပြောသည်။ ပြင်သစ်အမျိုးသားမီးရထားလိုင်း အော်ပရေတာ SNCF နှင့်အတူ အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့များ၊ ဒေသခံအာဏာပိုင်များကလည်း ကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# ကမ္ဘောဒီးယား၌ ပထမရှစ်လအတွင်း အဝတ်အထည်နှင့် ခရီးဆောင်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၁၁ ဒသမ ၇၆ ဘီလီယံရရှိ

**ဖနောင်ပင် စက်တင်ဘာ ၁၂**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမရှစ်လအတွင်း အဝတ်အထည်၊ အထည်အလိပ်၊ ဖိနပ်နှင့် ခရီးဆောင်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၆ ဘီလီယံရရှိကြောင်း သိရသည်။ အဆိုပါပမာဏမှာ ပြီးခဲ့သည့်နှစ် အလားတူကာလက ရရှိခဲ့သည့် ဒေါ်လာ ၁၀ ဒသမ ၉၇ ဘီလီယံထက် ၇ ဒသမ ၂ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း စက်တင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်သည့် တရားဝင်အစီရင်ခံစာအရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း အဝတ်အထည်နှင့် အထည်အလိပ်တင်ပို့မှုမှ ဒေါ်လာ ၈ ဒသမ ၇၈ ဘီလီယံရရှိခဲ့ရာ ပြီးခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၇ ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အလားတူ ဖိနပ်တင်ပို့မှုမှာ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအထိရှိရာ ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးမြင့်လာပြီး ခရီးဆောင်ပစ္စည်းတင်ပို့မှုမှာ ဒေါ်လာ ၁ ဒသမ ၄၈ ဘီလီယံအထိရှိရာ ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း သိရသည်။

ယင်းကဏ္ဍသည် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကစီးပွားရေးမောင်းနှင်အားနှင့် နိုင်ငံခြားငွေအများဆုံးရရှိသည့်ကဏ္ဍအဖြစ် ဆက်လက်တည်ရှိနေပြီး စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၄၈ ရာခိုင်နှုန်းရှိကြောင်း ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# ချီလီ၌ ဘိုးဘွားရိပ်သာ မီးလောင်မှုဖြစ်ပွား ၁၆ ဦး သေဆုံး

**ဆန်တီယေဂို စက်တင်ဘာ ၁၂**

ချီလီနိုင်ငံတောင်ပိုင်းရှိ ဘိုးဘွားရိပ်သာတစ်ခု၌ စက်တင်ဘာ ၁၁ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၆ ဦး သေဆုံးကြောင်း ဒေသမီဒီယာ၏ စက်တင်ဘာ ၁၂ ရက် ဖော်ပြချက်အရ သိရသည်။

ဒေသစံတော်ချိန် ည ၁၀ နာရီခွဲဝန်းကျင်တွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဘိုးဘွားရိပ်သာတွင် နေထိုင်သူ ၁၀ ဦးကိုသာ ဘေးလွတ်ရာသို့ ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ လူ ၁၆ ဦး သေဆုံးခဲ့ရသည့်အတွက် များစွာ စိတ်မကောင်း ဖြစ်မိကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။



မီးသတ် တပ်ဖွဲ့ဝင်များ၊ ဆေးဘက်ဆိုင်ရာ အဖွဲ့များနှင့် အနီးဝန်းကျင်ရှိ ကူညီကယ်ဆယ်ရေးအဖွဲ့များက အခင်းဖြစ်ပွားရာ နေရာသို့ သွားရောက်ကာ မီးငြိမ်းသတ်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြကြောင်း သိရသည်။ **ဆင်ဟွာ**

# ရုရှားနိုင်ငံ၌ 5G မိုဘိုင်းကွန်ရက်များ စတင်လည်ပတ်

**မော်စကို စက်တင်ဘာ ၁၂**

ရုရှားနိုင်ငံသည် နိုင်ငံ၏ ပထမဆုံး 5G မိုဘိုင်းကွန်ရက်များကို စီးပွားဖြစ် စတင်လည်ပတ်နေပြီဖြစ်ကြောင်း ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေးနှင့် လူထုဆက်ဆံရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပထမအဆင့်တွင် လူဦးရေ ၁၀ သန်းခန့်ကို လွှမ်းခြုံကာ မြို့တော်မော်စကို၊ စိန့်ပီတာစဘတ်နှင့် ယက်ကာသရင် ဘာ့ဂ်မြို့တို့အပါအဝင် မြို့ပေါင်း ၁၆ မြို့တွင် 5G ကွန်ရက်များကို လည်ပတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနက ပြောသည်။

အဆိုပါဝန်ဆောင်မှုများကို ရုရှားနိုင်ငံ၏ အဓိကဆက်သွယ်ရေး အော်ပရေတာ လေးခုက ပံ့ပိုးပေးထားပြီး ရုရှားနိုင်ငံအနေဖြင့် 5G ကွန်ရက်များကို ဆက်လက်တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်အကုန်တွင် နောက်ထပ်မြို့ပေါင်း ၅၀ အထိ ကွန်ရက်လွှမ်းခြုံနိုင်ရေး ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်းလည်း သိရသည်။ **ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ၂၀၂၆ ခုနှစ် တီထွင်ဆန်းသစ်မှုပြပွဲ ဒါကာမြို့၌ ဖွင့်လှစ်

**ဒါကာ စက်တင်ဘာ ၁၂**

ဘင်္ဂလားဒေ့ရှ် တီထွင်ဆန်းသစ်မှုပြပွဲ ၂၀၂၆ ကို စက်တင်ဘာ ၁၂ ရက်က ဒါကာမြို့၌ ဖွင့်လှစ်သည်။ အဆိုပါပြပွဲသည် အတွေးအခေါ်သစ်များနှင့် နည်းပညာအသစ်များကို ပြသကာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကျင်းပသည့် နိုင်ငံတော်အဆင့် အခမ်းအနားတစ်ရပ်ဖြစ်သည်။

"ဈေးကွက်သို့ ဆန်းသစ်တီထွင်မှု" ဟူသော ခေါင်းစဉ်ဖြင့် သုံးရက်ကြာကျင်းပသည့် အဆိုပါပြပွဲတွင် ပြည်တွင်းရှိ အရည်အချင်းရှိသူများကို စက်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများနှင့် အခွင့်အလမ်းများ ချိတ်ဆက်ပေးရန် ရည်ရွယ်ထားသည်။

နည်းပညာ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အခြားကဏ္ဍများမှ တီထွင်ဆန်းသစ်မှု ၁၀၀၀ ကျော်ကို အဆိုပါပြပွဲတွင် ပြသထားကြောင်း သိရသည်။ **ဆင်ဟွာ**

# ဗီယက်နမ်၌ အစာအဆိပ်သင့်မှု သံသယကြောင့် အလုပ်သမား ၁၂၁ ဦး ဆေးရုံတက်

**ဟန္နိုင်း စက်တင်ဘာ ၁၂**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဟွေးမြို့၌ စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီအထိ အလုပ်သမား ၁၂၁ ဦး အစာအဆိပ်သင့်မှုသံသယဖြင့် ဆေးရုံတက်ရောက်ကာ ကုသမှုခံယူနေရကြောင်း ဒေသခံအာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်ပြည်တွင်းမီဒီယာတွင် ဖော်ပြထားသည်။

ပြင်သစ်အုပ်စု ကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သည့် အထည်အလိပ်နှင့် အဝတ်အထည်ထုတ်လုပ်ရေး ကုမ္ပဏီ စကာဗီဟွေကုမ္ပဏီတွင် အဆိုပါ ဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကုမ္ပဏီမှ အလုပ်သမားများသည် စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီမှစ၍ နေထိုင်မကောင်းဖြစ်လာခဲ့ပြီး ၎င်းတို့ကို အရေးပေါ်ကုသမှုခံယူရန် ဆေးဘက်ဆိုင်ရာ နေရာများသို့ ပို့ဆောင်ပေးခဲ့ရသည်။

ကနဦး စစ်ဆေးမှုများအရ မသန့်ရှင်းသည့် အစားအသောက်များကြောင့် အစာအိမ်အူလမ်းကြောင်း ရောင်ရမ်းခြင်းဖြစ်နိုင်ကြောင်း သိရသည်။ **ဆင်ဟွာ**

■

# မန္တလေးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရေးအတွက် အားကစားကွင်း/အားကစားရုံများ၏ မြေပြင်အနေအထား ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရေးအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စိုင်းအောင်ကြည်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင် ခရိုင်/မြို့နယ်အတွင်းရှိ အားကစားကွင်း/ အားကစားရုံများကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ်သက်တမ်းကြာမြင့်သည့် အားကစားကွင်း/အားကစားရုံများအား အဆင့်မြှင့်တင် တည်ဆောက်ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန် လိုကြောင်း၊ အားကစားကွင်း/အားကစားရုံများ အဆင့်မီအရည်အသွေးကောင်းမွန်မှသာ တိုင်းဒေသကြီးမှ မျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ် လေ့ကျင့်ပေးနိုင်မည်ဖြစ်၍ မြန်မာ့အားကစားကဏ္ဍ ပိုမိုတိုးတက် မြင့်မားလာစေရေးအတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ အားကစားကွင်း/ အားကစားရုံများ ရေရှည်တည်တံ့စေရေး၊ သန့်ရှင်းသာယာလှပစေရေးနှင့် ပြည်သူများ လာရောက်လေ့ကျင့်ကစားနိုင်ရေးအတွက် ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ အားကစားကွင်း/ အားကစားရုံများတွင် လေ့ကျင့်လျက်ရှိသည့် မြန်မာ့သိုင်း၊ စားပွဲတင်တင်းနစ်၊ လက်ဝှေ့၊ တိုက်ကွမ်ဒိုနှင့် ဖူဆယ် အားကစားသမားများ၏ အားကစားနည်းအလိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အားကစားအဖွဲ့များအတွက် အားကစား အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ဗထူးအားကစားကွင်းရှိ စားပွဲတင်တင်းနစ်ခန်းမ၌ အားကစားသမားများ လေ့ကျင့်နေမှု၊ Gym ခန်းမတို့ကိုလည်းကောင်း၊ အောင်မြေမန္တလာအားကစားကွင်းနှင့် ဝူရှူး အားကစားသမားများ၏ သရုပ်ပြသမှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးပြီး အားကစားသမားများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့မှတစ်ဆင့် ရွှေမန်းတောင် အားကစားကွင်း၌ အားကစားကွင်း အုတ်တံတိုင်းကာရံခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးဒဏ်၊ လေဒဏ်များနှင့် သဘာဝဘေးအန္တရာယ်ဒဏ်များကို ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့အောင် သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဦးစားပေး ဆောင်ရွက်သွားရန် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ပဲ့ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည် တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာအား ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ Steel Cable Groyne (သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်း လုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အားကစား**
**မြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

# ချမ်းမြသာစည်မြို့နယ် အထက (၃၆) ၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးလျက်ရှိ

**ချမ်းမြသာစည် စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အမှတ် (၃၆) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ချမ်းမြသာစည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦး၊ မြို့နယ်လဝကဦးစီးမှူး ဦးရဲမင်းထွန်းနှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **အလင်းသစ်(ပြန်/ဆက်)**





(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သက်လွင်နှင့် တပ်ဖွဲ့ဝင်များ မကွေးမြို့ မြသလွန်စေတီတော်ရင်ပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။

မောင်ခိုင်မင်း(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝန်းကျင်၌ စက်တင်ဘာ ၁၂ ရက်က (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ဝင်းလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ထွန်းထွန်းဦးနှင့် တပ်ဖွဲ့ဝင်များစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က တန့်ယန်းခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အောင်ဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ မူးယစ်တပ်ဖွဲ့စုနှင့် သတင်းရဲတပ်ဖွဲ့စိတ်မှတပ်ဖွဲ့ဝင်များ၊ ရဲမှုထမ်းဟောင်းများ မြို့နယ်ပြည်သူ့ဆေးရုံမျက်နှာစာနှင့် ဆေးရုံဝင်းအတွင်း၌ အမှိုက်များ ရှင်းလင်းခြင်း၊ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချိုင့်ခွက်နေရာများမြေဖို့ခြင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးသန်းမြင့် ဦးစီးသည့်တပ်ဖွဲ့ဝင်များ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

နေလင်း(ပြန်/ဆက်)





(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မင်းမင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ ဆင်ပေါင်ဝဲမြို့နယ် အမှတ် (၃) ရပ်ကွက်ရှိ ဘုရားငါးဆူစေတီတော်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

❑ *ကျောဖုံးမှ*

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဦးခိုင်က အဖွင့်အမှာစကားပြောကြားပြီး "၂၀၂၆ ခုနှစ် အမျိုးသားတံခွန်စိုက် ဂျူဒိုပြိုင်ပွဲ" အား ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းက ဂျပန်နိုင်ငံ KODOKAN JUDO INSTITUTE က ပေးအပ်ချီးမြှင့်သည့် ခါးစည်းဒန်ရရှိသည့် ဂျူဒိုအားကစားသမား ငါးဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး အမျိုးသားတံခွန်စိုက် ဂျူဒိုပြိုင်ပွဲ ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား Nage-No-Kata ပြိုင်ပွဲ ပွဲစဉ်များ၊ အမျိုးသမီး Kata ပွဲစဉ်များ၊ တစ်ဦးချင်း အတိုက်ပွဲစဉ်များ ဖြစ်သည့် အမျိုးသား(-၆၆၊ -၅၅၊ -၉၀၊ -၆၀၊ -၇၃၊ -၈၁၊ +၁၀၀) ကီလိုတန်းပြိုင်ပွဲများ၊ အမျိုးသမီး(-၄၅၊ -၆၃၊ -၇၀၊ +၇၈၊ -၄၈၊ -၅၂၊ -၅၇)ကီလိုတန်းပြိုင်ပွဲများ၏ ပတ်လည်ပွဲစဉ်များ၊ ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကြသည်။

ယင်းနောက် အမျိုးသား(-၅၅၊ -၆၀၊ -၆၆၊ -၇၃၊ -၈၁၊ -၉၀၊ -၁၀၀၊ +၁၀၀) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသမီး (-၄၅၊ -၄၈၊ -၅၂၊ -၅၇၊-၆၃၊ -၇၀၊ +၇၈) ကီလိုတန်းပြိုင်ပွဲ ပတ်လည်ပွဲစဉ်များ၊ ရှုံးထွက် ပွဲစဉ်များ၊ တတိယလု ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အမျိုးသားအတိုက်ပြိုင်ပွဲ (-၅၅) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ဖြိုးမာန်နိုင်၊ ဒုတိယဆု ရရှိသည့် ကချင်ပြည်နယ်အသင်းမှ ထန်တန်ပုံ၊ တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဟိန်းတေဇနှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ဣဇက်၊ (-၁၀၀) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာန အသင်းမှ အောင်ပိုင်ခန့်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ဇင်မင်းခန့်၊ တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဇေယျာသိခ်၊ (-၆၀) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ထိုက်ထိုက်ကျော်၊ ဒုတိယဆုရရှိသည့်မန္တလေးတိုင်းဒေသကြီးအသင်းမှ နိုင်ဟိန်းထက်၊ တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ဖွဲ့ဖွဲ့အောင်နှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝဏ္ဏထွန်း၊ (-၆၆) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ဆက်ပိုင်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ကျော်ရွှေ၊ တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဇော်ပိုင်ထွန်းနှင့် ပူးတွဲတတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ စိုးနေဦး၊ (-၇၃) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စောမြတ်သံစဉ်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ လရောင်ရှန်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝေရှန်မိုးနှင့် ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ထူးအံ့လင်း၊ (-၈၁) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ သန့်ဇင်ဝင်းအောင်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ချမ်းကိုကို၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ အောင်သန့်ကျော်နှင့် ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ စိုင်းဟုန်ဝမ်းဆိုင်၊ (-၉၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ကျော်ခန့်စိုး၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ စထက်ဝေဖြိုး၊ တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ မုန်ဒူအောင်နှင့် ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သီဟ၊ (+၁၀၀) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ဇော်လင်းဖြိုး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ လင်းထက်ဦး၊ အမျိုးသမီး (-၄၅) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ဆောင်ယုံ၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ဟန်နီလင်းလက်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ နန်းပပဇင်နှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ အိမ့်ဝတီစိုးနိုင်တို့ကို လည်းကောင်း။

(-၄၈)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ မေဇင်ဖြိုး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ တင်ဇာမြင့်၊ တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ယမင်းသူဇာလှိုင်နှင့် ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ခင်ပိုးပိုးအောင်၊(-၅၂)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ အိအိသဇင်ဇော်၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ဘန်တောမ်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝင်းပြည့်ခိုင်နှင့် ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ဇင်လင်းမို၊ (-၅၇) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ပြည့်စုံအောင်၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ နော်မြတ်နိုးရွှေစင်၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ခင်ထွေးထွေးအောင်နှင့် ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ငွေအိမ်စံ၊ (-၆၃)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ထက်ထက်လင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ငုချယ်ရီဦး၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စန္ဒာဝင်းနှင့် ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ပြည့်ဖူးသွယ်တို့ကိုလည်းကောင်း။

(-၇၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ တွယ်တာစိုး၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ မြတ်ပန်းနွယ်၊ တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ မေမြတ်မွန်နှင့် ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ စံပယ်နှင်း၊ (+၇၈) ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ အေးအေးအောင်၊ ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ နန်းသဲနုနုစံကို၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ယွန်းဝတီစိုးနှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝတ်ရည်ခိုင်၊ အမျိုးသား Nage-No-Kata ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ လရောင်ရှန်နှင့် ကျော်ခန့်စိုးတို့အတွဲ၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ သန်းထက်ဦးနှင့် သျှန်ကောင်းဆက်ပိုင်တို့အတွဲ၊ တတိယဆုရရှိသည့် ကယားပြည်နယ်အသင်းမှ ဖြိုးမာန်နိုင်နှင့်ဟိန်းဆက်တို့အတွဲနှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စောမြတ်သံစဉ်နှင့် အောင်သန့်ကျော်တို့အတွဲတို့ကိုလည်းကောင်း။




အမျိုးသမီး Ju-No-Kata ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ပြည့်စုံအောင်နှင့်အိအိသဇင်ဇော်တို့အတွဲ၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ တင်ဇာမြင့်နှင့် ဆုရတနာတို့အတွဲ၊တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ယွန်းသံသာအေးနှင့် ဖြိုးသက်လွင်တို့အတွဲနှင့် ပူးတွဲတတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ငုချယ်ရီဦးနှင့် ယမင်းသူဇာလှိုင်တို့အတွဲတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားအကောင်းဆုံးအားကစားသမားဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ စောမြတ်သံစဉ်၊ အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ ပြည့်စုံအောင်တို့အား Trophy၊ ငွေသားဆုများ၊ အမှတ်တရဂုဏ်ပြုလက်ဆောင်များနှင့် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် နှစ်ခု စုစုပေါင်း ဆုတံဆိပ် ခုနစ်ခုဖြင့် အမျိုးသားတံခွန်စိုက်တတိယဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းအား အမျိုးသားတံခွန်စိုက် တတိယဆုဖလားနှင့် ငွေသားဆုငွေကျပ် သုံးသိန်းတို့ကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းကလည်းကောင်း၊ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် လေးခု စုစုပေါင်း ဆုတံဆိပ် ၁၁ ခုဖြင့် အမျိုးသားတံခွန်စိုက် ဒုတိယဆုဖလားရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား အမျိုးသားတံခွန်စိုက် ဒုတိယဆုဖလား၊ ငွေသားဆု ငွေကျပ် ငါးသိန်းနှင့် ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ငါးခု စုစုပေါင်း ဆုတံဆိပ် ၁၃ ခုတို့ဖြင့် အမျိုးသားတံခွန်စိုက်ပထမဆုဖလားရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းအား အမျိုးသားတံခွန်စိုက်ပထမဆုဖလားနှင့် ငွေသားဆုငွေကျပ် ၁၀ သိန်းတို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

ထို့နောက် နှစ်နိုင်ငံချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ကစားကြရာ မြန်မာချစ်ကြည်ရေး ဘောလုံးအသင်းက လာအိုချစ်ကြည်ရေးဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး Mr.Bounphieng Chanthavong၊ မြန်မာ-လာအို ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ ဦးဝင်းမောင်၊ လာအို-မြန်မာ ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Mr. Chanthavong နှင့် တာဝန်ရှိသူများက အနိုင်ရရှိသော မြန်မာချစ်ကြည်ရေး ဘောလုံးအသင်းနှင့် ဒုတိယဆုရရှိသော လာအိုချစ်ကြည်ရေး ဘောလုံးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရွှေမြိုင်သူ(ပြန်/ဆက်)**

---

❊ *ကျောဖုံးမှ*

ပွဲချိန် ၁၈ မိနစ်နှင့် ၇၄ မိနစ်တွင် စစ်ငြိမ်းချမ်းဦးက နှစ်ဂိုး၊ ၃၁ မိနစ်တွင် ကောင်းခန့်အောင်၊ ၄၃ မိနစ်တွင် ကောင်းခန့်ကျော်နှင့် ၆၁ မိနစ်တွင် ချစ်ပိုင်ခန့်တို့က တစ်ဂိုးစီ သွင်းယူခဲ့ပြီး ဂိုးပြတ်အနိုင်ရရှိကာ အမှတ်ပေးဇယား အဆင့်(၁) နေရာကို ရမှတ် ၃၅ မှတ်ဖြင့် ဆက်လက်ရယူနိုင်ခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ချင်းလန်းအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃ မိနစ်တွင် လွှန်ရာဂျင်က သွင်းယူပေးခဲ့ပြီး ဒုတိယဦးဆောင်ဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် အောင်မင်းခန့်က ထပ်မံသွင်းယူပေးခဲ့သည်။ မြဝတီ FC အသင်းအတွက် ချေပဂိုးကို မျိုးမင်းခန့်က ပွဲချိန် ၆၉ မိနစ်တွင် သွင်းယူခဲ့သော်လည်း ပွဲချိန်ပြည့်သည်အထိ ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိဘဲ ချင်းလန်းအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ပွဲစဉ် (၁၄) နောက်ဆုံးပွဲစဉ်အဖြစ် စက်တင်ဘာ ၁၃ ရက်တွင် ဗဟန်းကွင်း၌ စစ်ကိုင်းယူနိုက်တက်နှင့် ရန်ကုန်စီးတီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MNL**

---

✻ *ကျောဖုံးမှ*

အုပ်စုအဆင့်သို့ တက်ရောက်နိုင်ရန် အရေးကြီးသည့် အဆိုပါပွဲစဉ်တွင်ရှမ်းယူနိုက်တက်အသင်းသည် ပွဲစသည်နှင့်အမျှ ပြိုင်ဘက်ကို ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၁မိနစ်တွင် အက်ဆန်ဂျူနီယာက ဦးဆောင်ဂိုး စတင်သွင်းယူပေးခဲ့သည်။ Ezra FC အသင်းသည် ချေပဂိုးရရှိရေး ပြန်လည်ဖိအားပေးလာခဲ့ပြီး ပွဲချိန် ၄၅ မိနစ်နှင့် ၅၃ မိနစ်တို့တွင် Koki Narita၊ ပွဲချိန် ၇၆ မိနစ်တွင် Binly Donsanouphit တို့က ချေပဂိုးနှင့် ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူခဲ့သည်။

ရှမ်းယူနိုက်တက်အတွက် ဒုတိယဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် အက်ဆန်ဂျူနီယာကပင် ထပ်မံသွင်းယူပေးခဲ့သော်လည်း ပွဲအပြီးတွင် Ezra FC အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့ခြင်းဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF) ၏ စည်းမျဉ်းအရ ခြေစစ်ပွဲအောင်မြင်သည့် အသင်းနှစ်သင်းသာ အုပ်စုအဆင့်သို့ တက်ရောက်ခွင့် ရရှိမည်ဖြစ်သည့်အတွက် ရှမ်းယူနိုက်တက်အသင်းအနေဖြင့် Shopee Cup အုပ်စုအဆင့်သို့ တက်ရောက်နိုင်ရေးအတွက် ဒုတိယအကျော့ပွဲစဉ်တွင် Ezra FC အသင်းကို အနိုင်ကစားရန် လိုအပ်မည်ဖြစ်သည်။

ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်ကို စက်တင်ဘာ ၁၄ ရက်ညနေ ၆နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**

---

❈ *ကျောဖုံးမှ*

မြောက်ပိုင်းကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

ဥတုရာသီ၊ တောကိုမှီ၏

# ဖလမ်းမြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဖလမ်း စက်တင်ဘာ ၁၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများသည် ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်ရှိဘောလုံးကွင်းနှင့် မိုးလုံလေလုံအားကစားရုံကြီးတို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ဖလမ်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရုံးအဆောက်အအုံပြုပြင်ပြီးစီးမှုနှင့် မြေထိန်းနံရံတည်ဆောက်နေမှု၊ ခရိုင်စာရင်းစစ်ရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မြေထိန်းနံရံ တည်ဆောက်နေမှု၊ စိုက်ပျိုးရေးဦးစီးဌာနရုံး အဆောက်အအုံနှင့် ရိပ်သာပြန်လည်ပြုပြင်နေမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။



အလားတူ ယနေ့နံနက်ပိုင်းတွင် တီးတိန်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ နယ်မြေခံတပ်ရင်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ဒေသခံပြည်သူများစုပေါင်း၍ လွယ်ဘွားရပ်ကွက်၊ အမှတ် ၅ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ လွယ်ဘွားရပ်ကွက် ကမ်းဟောက်လမ်းမကြီးဘေးနှင့် စည်ပင်သာယာဈေးအဟောင်းတို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြောင်း သိရသည်။

**သတင်းစဉ်**



မကွေးတိုင်းဒေသကြီး သရက်မြို့၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သရက်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်လှိုင်နှင့် ဦးစီးတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၂ ရက်တွင် အမှတ်(၁)ရပ်ကွက်ရှိ ရွှေသက်လွတ်ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ဝေယံ(သရက်)



မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစိန်ဝင်း ဦးစီး၍ တပ်ဖွဲ့ဝင် ၃၂ ဦးနှင့် မိသားစုဝင် ၂၆ ဦးတို့က ပြည်သူ့ဆေးရုံဝင်းအတွင်း ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# Fire Dragon နိုင်ငံတကာဖူဆယ်ပြိုင်ပွဲ Black Steel Papua အသင်း ချန်ပီယံဆုဖလားရရှိ

ရန်ကုန် စက်တင်ဘာ ၁၂

**Fire Dragon International Futsal Cup 2026 ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အင်ဒိုနီးရှားကလပ် Black Steel Papua FC နှင့် မြန်မာကလပ် MIU FC တို့ ယနေ့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်အားကစားရုံ၌ ယှဉ်ပြိုင်ကစားခဲ့ရာ Black Steel Papua အသင်းက သုံးဂိုး – ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိကာ ချန်ပီယံဆုဖလား ကို ဆွတ်ခူးနိုင်ခဲ့သည်။**

ပြိုင်ပွဲအပြီးဆုပေးပွဲတွင် ချန်ပီယံဆုဖလားရရှိသည့် Black Steel Papua FC အသင်းအား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၃၅၀၀ ကိုလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က ချန်ပီယံဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။




ဒုတိယဆုရရှိခဲ့သည့် မြန်မာကလပ် MIU FC အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂၅၀၀ ချီးမြှင့်ခဲ့သည်။

တတိယနေရာလုပွဲတွင် YCDC Dream Team FC အသင်းက YRG FC အသင်းကို ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ တတိယဆုရ YCDC Dream Team FC အသင်းအား ဖူဆယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက တစ်ဦးချင်းဆုတံဆိပ်နှင့် မြန်မာနေရှင်နယ်လိဂ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမိုးကျော်က ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၅၀၀ ပေးအပ်ခဲ့သည်။

ထို့နောက် စတုတ္ထဆုရ YRG FC အသင်းကို ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးဖြိုးမောင်မောင်က ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀ ချီးမြှင့်ခဲ့သည်။

ထို့ပြင် ပြိုင်ပွဲတစ်လျှောက် အသန့်ရှင်းဆုံးဆုကို MIU FC အသင်းက ရရှိခဲ့ပြီး အကောင်းဆုံးကစားသမားဆုကို Black Steel Papua FC မှ Adityas Prianbudi Wibowo ၊ အကောင်းဆုံးဂိုးသမားဆုကို Black Steel Papua FC မှ Muhammad Albagir နှင့် ဂိုးသွင်းအများဆုံးဆုကို YRG FC မှ Nathan တို့က အသီးသီးဆွတ်ခူးရရှိခဲ့ပြီး တာဝန်ရှိသူများက အမှတ်တရဆုများနှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**နေမျိုး၊ ဓာတ်ပုံ–MFF**

# မော်လမြိုင်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဟောပြော

**မော်လမြိုင် စက်တင်ဘာ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖေယျာသီရိရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (သုခဝတီ)၌ မော်လမြိုင်မြို့နယ် အမျိုးသမီးရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် ကျောင်းသားကျောင်းသူများအား အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ မော်လမြိုင်မြို့နယ် အမျိုးသမီးရေးရာ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးမှူးနှင့် နွေးထွေးသောရင်ခွင်အဖွဲ့မှ တာဝန်ရှိသူတို့က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ သိကောင်းစရာများအသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# ရွှေတောင်မြို့နယ် ဖိုးခေါင်-တောင်လုံးညိုလမ်း မြေသားတာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောခင်း

**ရွှေတောင် စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (ရုံးချုပ်) မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့် အဖွဲ့ဝင်များက စက်တင်ဘာ ၁၀ ရက်တွင် တိုင်းဒေသကြီး၊ ပြည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝဏ္ဏ၊ မြို့နယ်တာဝန်ခံ၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့်အတူ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရွှေတောင်မြို့နယ်အတွင်းရှိ တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖိုးခေါင်–တောင်လုံးညိုလမ်း မြေသားတာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး ပြည်သူလူထု အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် အရည်အသွေးပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် ပြောကြားခဲ့သည်။



**ကိုကိုမင်း(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်၌ သီးနှံပေါ်ပေးစနစ်ဖြင့် ကျေးရွာ ၂၇ ရွာမှ တောင်သူများအား ဓာတ်မြေဩဇာ ဖြန့်ဖြူး

**ဘိုကလေး စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မြို့နယ်ဓာတ်မြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးကော်မတီအနေဖြင့် ယခုစိုက်ပျိုးရာသီတွင် တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။



ထိုသို့ဖြန့်ဖြူးပေးရာတွင် ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးရွာ ၂၇ ရွာ မှ တောင်သူ ၂၀၉ ဦးအား စုစုပေါင်းစိုက်ဧက ၃၃၈၈ ဒသမ ၉၂ ဧက အတွက် သတ်မှတ်ချက်များနှင့်အညီ ယူရီးယားဓာတ်မြေဩဇာအိတ် ၅၀၀၀ အား တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ဖြင့်လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာအိတ် ၅၀၀၀ အား တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀ ဖြင့်လည်းကောင်း စုစုပေါင်းအိတ်ရေ ၁၀၀၀၀ အား သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# နတ်တလင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**နတ်တလင်း စက်တင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တံခွန်တိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၁၀ ရက်က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ထားထားနု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာသူ ကျေးရွာသားများက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များ၊ အကြံပြုလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပန်းတနော်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ပန်းတနော် စက်တင်ဘာ ၁၂**

ပန်းတနော်မြို့နယ် ဥပဒေရုံး၏ ကြီးကြပ်မှုဖြင့် မြို့ကွက်သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးက ဦးစီးကျင်းပသော ဥပဒေအသိပညာပြန့်ပွားရေး



ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယမန်နေ့က အဆိုပါ မြို့ကွက်သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့ကွက်သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်ကြည်က အများပြည်သူ ဥပဒေရေးရာဗဟုသုတများ ပိုမိုသိရှိနားလည်စေရန်အတွက် သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းဆိုင်ရာ ပို့ချချက်များကို စတင်ပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့ကွက်သစ်ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူ ၁၄၀ နှင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး တပ်ဖွဲ့ဝင် ၄၀ စုစုပေါင်း ၁၈၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြောင်းမြမြို့နယ်၌ သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့်စနစ်ကျသော စိုက်ပျိုးရေးစနစ်စီမံကိန်း ရှင်းလင်း

**မြောင်းမြ စက်တင်ဘာ ၁၂**

မြောင်းမြမြို့နယ် မဒေါ့ပင်စံပြကျေးရွာ ရွှေပြည်အေးကျောင်းတိုက် ဓမ္မာရုံ၌ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်နှင့် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူးတို့က သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ် စီမံကိန်းရည်ရွယ်ချက်၊ အခြေခံမူများ၊ ဆောင်ရွက်နိုင်သည့် နည်းလမ်းသုံးမျိုးနှင့် လက်ရှိဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးသည်။

ထို့နောက် ဒေသခံတောင်သူများ၏ တင်ပြချက်များကို ဝန်ကြီးနှင့် တက်ရောက်ကြသော တိုင်းအဆင့် ဌာနဆိုင်ရာ တိုင်းဦးစီးမှူးများက ပြန်လည်ရှင်းလင်းခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



## မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး၍ ကာကွယ်ဆေးအခမဲ့ထိုးနှံပေး

**ရေဦး စက်တင်ဘာ ၁၂**

ရေဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ယမန်နေ့တွင် မကျီးတောကျေးရွာ၌ မွေးမြူရေး တောင်သူများ၊ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် မွေးမြူသူ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အသိပညာပေးခြင်းနှင့် ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်သည်။



"ကျွဲ၊ နွား တိရစ္ဆာန် ကောင်ရေတိုးပွားပြီး အသေအပျောက်လျော့နည်းစေဖို့အတွက် လည်ချောင်းကျွဲ၊ ထောင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါ၊ ခွာနာလျှာနာရောဂါ၊ အရေပြား အကြိတ်အဖုရောဂါ ကာကွယ်ဆေးတွေ အခမဲ့ထိုးနှံပေးဖို့ စီစဉ်ထားပါတယ်၊ ဒီဇင်ဘာလက စလို့ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူသွားမှာပါ၊ စက်တင်ဘာ ၂၈ ရက်နေ့ ကမ္ဘာ့ခွေးရူးပြန်ရောဂါ တိုက်ဖျက်ရေးနေ့" အထိမ်းအမှတ်အဖြစ် ခွေးအကောင်ရေ ၁၀၀ ကို ကာကွယ်ဆေး အခမဲ့ထိုးနှံပေးမှာ ဖြစ်ပါတယ်" ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာသော်တာသူရိန်က ပြောကြားသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မကျီးတောကျေးရွာရှိ နို့စားနွား ၁၀ ကောင်၊ ဒေသနွား ၂၀ စုစုပေါင်း ကောင်ရေ ၃၀ ကို ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အောင်လံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေး



**အောင်လံ စက်တင်ဘာ ၁၂**

အောင်လံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးကျော်ဆန်းညွန့်နှင့် ဝန်ထမ်းများက စက်တင်ဘာ ၁၀ ရက်တွင် မိုးကောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ အသက်(၁၀)နှစ်ပြည့်နိုင် ၃(က) ကျောင်းသား ၇၉ ဦး၊ ကျောင်းသူ ၅၉ ဦး စုစုပေါင်း ၁၃၈ ဦးနှင့် အသက်(၁၈)နှစ်ပြည့် နိုင် ၆(က) ကျောင်းသား ကျောင်းသူ လေးဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၁၁ ရက်တွင် ထားဝယ်မြို့ ကျောက်မော်ရပ်ကွက် ဝဲကြီးတောင်ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း/အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ငွေဇင်ယော်(ထားဝယ်)





ကျိုက်ထိုမြို့နယ်တွင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်တွင် ကျိုက်ထိုခရိုင်ရဲတပ်ဖွဲ့မှူး ယာယီ ဒုတိယရဲမှူးကြီး ဇော်အောင် ဦးဆောင်၍ ကျိုက်ထိုခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့က ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘုတ်ပြင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မောင်သန်းနှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၂ ရက်တွင် အောင်မင်္ဂလာရပ်ကွက်ရှိ အတုလာ အဓိပတိ မဟာမုနိရွှေသာလျောင်းဘုရား၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ဘီးလင်းမြို့နယ် အထက တောင်စွန်းကျောင်း၌ စက်တင်ဘာ ၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်လင်းဦးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးကာကွယ်ရေး အသိပညာပေးပြီး ဆရာ ဆရာမများအား လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက်တွင် ဘောနတ်ကြီးအမြန်လမ်း မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ ဒေသခံများက ပဲခူးမြို့နယ် စစ်ပင်ဆိပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ပြုလုပ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်စဉ်။ သက်ဖြိုးကြိုင်(ပြန်/ဆက်)



## မော်လမြိုင်မြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**မော်လမြိုင် စက်တင်ဘာ ၁၂**

မော်လမြိုင်မြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၁၂ ရက်က အမှတ်(၁၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ယာယီရဲမှူး ကျော်သန်းနိုင်နှင့် တပ်ဖွဲ့ဝင် ၁၃ ဦး၊ အမျိုးသမီး ရဲမေ ငါးဦး စုစုပေါင်း ၁၈ ဦးတို့ ယနေ့ နံနက်ပိုင်းက မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခြင်းကို ပြုလုပ်ရာ သွေးလက်ခံရယူခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ယာယီရဲမှူးနှင့် ပြည်သူ့ဆေးရုံအုပ်ကြီးတို့က သွေးလှူဒါန်းကြသည့် ရဲတပ်ဖွဲ့ဝင်များအား အားဆေး၊ အချိုရည်၊ ကြက်ဥ၊ ငှက်ပျောသီး စသည်တို့ကို ပြန်လည်ပေးအပ်ခဲ့ပြီး မော်လမြိုင်ပြည်သူ့ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**ရွှေမြိုင်သူ(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းအုတ်တံတိုင်း ပြင်ဆင်နေမှုကြည့်ရှု

**နေပြည်တော်  စက်တင်ဘာ ၁၂**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။



ဦးစွာ နေပြည်တော် ကောင်စီဝင်သည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့သွားရောက်ကာ လေပြင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အရှည်ပေ ၄၃၀၀ ရှိ ကျောင်းအုတ်တံတိုင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြန်လည်တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒက္ခိဏ)

# ဓနုဖြူမြို့နယ်၌ တောင်သူများအား ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပြီးစီး

**ဓနုဖြူ  စက်တင်ဘာ ၁၂**

ဓနုဖြူမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အကျုံးမဝင်သောတောင်သူများထံသို့ ယမန်နေ့က ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးခဲ့သည်။

မြို့နယ် ဓာတ်မြေဩဇာ ဝယ်ယူ ဖြန့်ဖြူးရောင်းချရေးကော်မတီက ပြင်ပပေါက်ဈေးနှုန်းများထက် သက်သာသော သီးနှံပေါ်ပေး (အကြွေး)စနစ်ဖြင့် ကောမက် G46 အမျိုးအစားဖြစ်သော ယူရီးယားဓာတ်မြေဩဇာ အိတ်ရေ ၇၀၀၀ ကို တောင်သူများလက်ဝယ် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



# လဲချားမြို့၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**လဲချား  စက်တင်ဘာ ၁၂**

လွိုင်လင်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရွှေ့ပြောင်းသူများအတွက် တို့ဦးတည် ရှေးဦးပြုစုခြင်းဖြင့် အမြဲကူညီ ဆောင်ပုဒ်ဖြင့်အခမ်းအနားကို



ယနေ့နံနက်က လဲချားမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ဖတ်ကြားသည်။ ထို့နောက် ရှေးဦးပြုစုခြင်းဆိုင်ရာ သရုပ်ပြကြရာ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ စေတနာလုပ်အားရှင်များက ထမ်းစင်ဖြင့် လူနာသယ်ဆောင်ခြင်းကိုလည်းကောင်း၊ လဲချားမြို့နယ်မှ ဒဏ်ရာရရှိသောလူနာများအား ရှေးဦးပြုစုခြင်းဆိုင်ရာများကိုလည်းကောင်း၊ မိုင်းကိုင်မြို့နယ်မှ လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ သရုပ်ပြခြင်းကို လည်းကောင်း သရုပ်ပြသကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

လွိုင်လင်မိုး

ကျွန်းစုမြို့နယ်တွင် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က အမှတ် ၁ ရပ်ကွက်ရှိ မြို့မဈေးအရှေ့၌ ကျွန်းစုမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ထက်မြင့်(ကျွန်းစု)





(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ပရိယတ္တိစာသင်တိုက်ရှိ စေတီတော်မြတ်ကြီးနှင့် စာသင်တိုက်ပရိဝုဏ် အတွင်း/အပြင်၌ စက်တင်ဘာ ၁၁ ရက်က သတင်းရဲတပ်ဖွဲ့၊ အမှတ်(၁)တပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သန်းထွန်းဦးနှင့် တပ်ဖွဲ့ဝင်များက သန့်ရှင်းရေး ဆောင်ရွက်ကြပြီး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏထံ ဝတ္ထုငွေကျပ် ငါးသိန်း ဆက်ကပ်လှူဒါန်းစဉ်။ မင်းမင်းလတ်(မန်းတက္ကသိုလ်)

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်တွင် ကွပ်ကဲရေးမှူး ရဲမှူးချုပ် ဝင်းကျော်နိုင်နှင့် တပ်ဖွဲ့ဝင်များက စစ်တွေမြို့ ဘိုးဘွားရိပ်သာနှင့် တိုင်းရင်းဆေးရုံကြီးတို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြန်မာ့အလင်း



ညောင်တုန်းမြို့နယ်တွင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မိုးဝင်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၆၅ ဦးဖြင့် အမှတ် (၃)ရပ်ကွက်ရှိ ဥသျှစ်လှစေတီတော်မြတ်ကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၇) ရပ်ကွက်ရှိ သမိုင်းဝင်ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ချစ်ဆွေ ကြီးကြပ်မှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူးလင်းအောင်နှင့် ရဲတပ်ဖွဲ့ဝင် ၃၅ ဦးတို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ဟန်စုယဉ်



ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း စက်တင်ဘာ ၁၂ ရက်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ဒုတိယရဲဒေသကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးမြစိုး၊ ပင်းတယမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးနှင့် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမို့မို့ကြည်နှင့် ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ အောင်ကိုဦး(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၁၂ ရက်က တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၌ဆောင်ရွက်ရာ အာဟာရဒါနအဖြစ် ကြက်ဥနှင့်အချိုရည်များ ထောက်ပံ့ပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)




ဟဲဟိုးမြို့ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၁၂ ရက်က (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၄) ရဲလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီး ဇော်မိုးဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၅၀ နှင့် မိသားစုဝင် ၅၀ တို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကျော်ဝင်း(ကလော)

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၁၃

ဦးဇော်လင်း နှင့် ဦးသိန်းအောင်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၈၄ လမ်း x စစ်ကိုင်း- မန္တလေးလမ်းကြား၊ အကွက်(၄၉၈)၊ ပန်းပဲတန်းရပ်၊ ကျွန်းလုံးဥဩချောင်ရပ်ကွက်နေ ဦးသိန်းအောင်(ဘ)ဦးလှချိုချန်း၊ ၁/မကတ(နိုင်)၀၆၂၀၂၁ ( ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးဇော်လင်း က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅) ရပ်ကွက်၊ အကွက်အမှတ် (ခ-၃)၊ ဦးပိုင်အမှတ်(၇၆-ခ)၊ ဧရိယာ (၀.၀၂၇၅) ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ ဟိန်းကိုယ်ပိုင် အထက်တန်းကျောင်း G-12 တွင် တက်ရောက်ပညာသင်ကြားနေသော မောင်ဟိန်းဝေယံ ၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၉/ပဘန (နိုင်)၁၆၆၈၁၄ ဖြစ်ပါကြောင်း။

**ဦးဝင်းလှိုင်**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ ဟိန်းကိုယ်ပိုင် အထက်တန်းကျောင်း G-12တွင် တက်ရောက်ပညာသင်ကြားနေသော မခင်ယုယုမွန် ၏ ဖခင်အမည်မှန်မှာ ဦးမှုံကြီး ၉/ရမသ (နိုင်)၀၂၁၉၇၇ ဖြစ်ပါကြောင်း။

**ဦးမှုံကြီး**

## မိဘအမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက ဂုဏ်ရွာ Grade-9 မှ မောင်ရဲထက်ဝင်း၏ မိဘအမည်မှန်မှာ ဦးမြင့်လွင် ၉/ဝတန (နိုင်) ၁၃၃၈၃၂ နှင့် ဒေါ်ခင်ဌေးမြိုင် ၉/ဝတန(နိုင်)၁၇၉၂၅၂ ဖြစ်ပါကြောင်း။

## PASSPORT ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်နေ(ဘ) ဦးသန်းအောင်၏သား ကျွန်တော် ဦးအေးကို ၁၃/ကလန(နိုင်) ၀၂၄၇၃၄ ၏ PASSPORT အမှတ် MG-811466 မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉- ၅၀၅၀၂၇၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် ၇၉၃၊ ဦးပိုင်အမှတ် ၂၉-က၊ ၆၃x၆၄ ကြား၊ ၂၅x၂၆ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ဖြူဖြူသန့် ၉/မရမ(နိုင်)၀၀၀၂၇၉၊ ဒေါ်ချိုချိုသန့် ၉/မရမ(နိုင်)၀၇၉၂၆၅တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၂၈၃/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနေမျိုးသက် ၉/ခအဇ (နိုင်)၀၂၅၂၈၆ က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ဟေမာဇလရပ်ကွက်၊ အကွက်အမှတ် ၆၁၀၊ ဦးပိုင်အမှတ် ၂-ဋ၊ ၂၇X၂၈ကြား၊ ၇၆ A လမ်းရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်လှရည်ဖြူ ၉/မကန (နိုင်)၀၄၄၀၈၄ က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၂၉၊ ဦးပိုင်အမှတ်(၅၆)၊ ၄၁x၄၂ ကြား၊ ၅၇x၅၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တုန်ရီ ၁၃/ကခန (နိုင်)၀၃၂၅၀၀က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

ဘားအံမြို့၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း အထက်တန်းပြဆရာမ မမြသွေး(ခ)မိမြသွေး ၃/လဘန(နိုင်)၀၀၇၁၃၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

(ဘ) ဦးရွှေမြင့်အေး ၏ သမီး ပန်းတနော်မြို့၊ အ.ထ.က (၁) Grade-11 မှ မနော်နိုဘယ်ထူး ၏ အမည်မှန်မှာ နော်နိုဘယ်ထူး ၁၄/ပတန (နိုင်)၃၁၇၇၈၄ ဖြစ်ပါကြောင်း။

## အများသိစေရန်အသိပေးကြေညာခြင်း

ပဲခူးမြို့ ၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ မြေတိုင်း(၁၄)၊ မြေကွက်အမှတ် (၁၄၀၊ ၁၄၂)၊ ဧရိယာ (၀.၁၂၄)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ပဲခူးခရိုင်မြို့ မြေမှုအမှတ်-၂၇၃၂/ငါး/၁၉၉၃-၁၉၉၄ အရ (၁၅-၆-၁၉၉၃)မှ(၁၄-၆-၂၀၂၃)ထိ ဦးမြင့်ဇော် အမည်ဖြင့် မြေငှားဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ ယခုအခါ ၎င်းမြေကွက်၏ မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်အား ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ၎င်းမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ကျွန်တော်ထံသို့ စာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့် ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးမြင့်ဇော် ၇/ကဝန(နိုင်)၀၈၅၀၆၉**
**အမှတ်(၅+၆)၊ (ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ Star City သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အဆင့်၊ Estella Townhouse၊ lane 3၊ တိုက်အမှတ်( Eth 145) အကျယ်အဝန်း(၁၂၇၇) စတုရန်းပေရှိ Townhouse အိမ်+မြေနှင့် ၎င်း Townhouse အိမ်+ မြေ တွင်ဆက်စပ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစိုင်းဆမ်ထွန်း ၁၃/ လရန(နိုင်) ၀၁၃၃၈၄ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော့်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မောင်ကျော်နိုင်**
**၁၃/လရန(နိုင်)၁၈၁၆၉၁**
**Ph-09-781938969**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၆၁) ရပ်ကွက်၊ ရောဝဏ်လမ်း၊ ရောချမ်းသာအိမ်ရာ၊ တိုက်အမှတ် (၇-ဘီ)၊ အခန်းအမှတ်(၀၆-၁၅၉)၊ (၆) ထပ်၊ (၆၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးတင်ဝင်းအောင် (၉/မနမ (နိုင်)၀၉၆၃၄၀) မှ ပိုင်ဆိုင်ကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုစာချုပ် စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်လင်းလက်လေးမောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ် - ၃၈၉၀၄)**
**အခန်း (A-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၄၂၅၂၂၀၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလေးခရိုင်၊ ကလေးမြို့၊ ရပ်ကွက် (၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၅/ဗိုလ်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၉/၂)၊ မြေကွက်အမှတ် (39)၊ ဧရိယာ (၀ ဒသမ ၁၃၃) ဧကရှိမြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၁၁-၉-၁၉၉၈ ရက်စွဲပါ အမှုတွဲအမှတ် (၁၄/၁၉၉၈)အရ နှစ် (၃၀)သက်တမ်းရှိ မြေငှားဂရန်အား ဒေါ်နွဲ့ရည် အမည်ဖြင့် ထုတ်ပေးထားရှိ ပြီးဖြစ်ပါသည်။ ယင်းမြေကွက်အား ဒေါ်နွဲ့ရည်ထံမှ ဦးစိုးမင်းလှိုင် သည် အဆောက်အအုံနှင့် မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ၍ ကလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၆-၂-၂၀၂၆ ရက်စွဲပါ စာချုပ်အမှတ်(၁၆/၂၀၂၆)အရ မှတ်ပုံတင်ထားရှိပြီးဖြစ်သဖြင့် ဦးစိုးမင်းလှိုင်(၁၂/ဥကမ(နိုင်)၂၁၂၀၃၇)အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ (၆)ရပ်ကွက်၊ နောင်အင်လမ်းသွယ်(၁)၊အမှတ် (၂၂၈)နေ ဒေါ်နှင်းကြူ(၁၃/ ညရန (နိုင်)၀၅၇၈၂၀)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

တောင်ကြီးမြို့နယ် ၊ အေးသာယာမြို့၊ အကွက်အမှတ်နှင့်အမည် ( အေးသီရိဈေး) ၊ ဦးပိုင်အမှတ်( ၂၉ ၊ ၃၀ )၊ ဧရိယာ ( ၀.၁၅၂ )၊ ဂရန်အမှုတွဲအမှတ် (၃၂/၂၀၀၅) ဒုတိယဗိုလ်မှူးကြီး တွဲဒိုးဒါး(လ်)အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ၃-၅-၂၀၂၀ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်နှင်းကြူ ဝယ်ယူခဲ့ပါသည်။ ဒေါ်နှင်းကြူ အမည်ပေါက် အမည်ပြောင်းမြေငှားဂရန် ပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် ဤကြေညာပါသည့်ရက်မှ (၁၄) ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် လာရောက်ချုပ်ဆိုပေးပါရန် ဒုတိယဗိုလ်မှူးကြီးတွဲဒိုးဒါး(လ်)နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

သတ်မှတ်ထားသည့်ရက်အတွင်း လာရောက်ချုပ်ဆိုပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးအောင်ဌေး တရားလွှတ်တော်ရှေ့နေ( စဉ် - ၈၇၅၆ )**
**၈/ ၂၈၉ ၊ သပြေလမ်း၊နယ်မြေ (၆)၊ စဝ်စံထွန်းရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၁၀၀၂၇၅၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် (၁၂၅)၊ ဦးပိုင်အမှတ် (၂၃-က)၊ ၁၉x ၂၀ ကြား၊ ၈၆x၈၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးချိုကြီး ၉/မနမ(နိုင်)၀၄၉၃၉၇ကအမှုတွဲ အမှတ် (၂၃၁၇/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ပေါင်းတည် မြို့နယ်၊ အ-ထ-က (ရှားပေါင်) ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-4 တွင် ပညာသင်ယူလျက်ရှိသည့် မရွှန်းလဲ့ရတီ ၏ ဖခင်အမည်မှန်မှာ ဦးထွေး ၇/ပတတ (နိုင်)၁၃၃၀၂၁ ဖြစ်ပါကြောင်း။

**ဦးထွေး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် (8D/4412) Hinthar Mini Truck(4x2)(R) ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန ၊ တိုင်းရုံး (မကွေး)**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀)၊ မြေကွက်အမှတ်(၂-က)၊ မြေချိန် ဧရိယာ(၃.၉၂၅) ဧကနှင့် မြေကွက်အမှတ်(၂-ခ)၊ မြေချိန်ဧရိယာ(၁.၆၀၈)ဧက၊ စုစုပေါင်း မြေချိန်ဧရိယာ(၅.၅၃၃)ဧကရှိသည့် ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၁၅)၊ (၆)လွှာ၊ အခန်းအမှတ်(၂)၊ အခန်း(၂)ခန်းပါရှိသည့် အကျယ်အဝန်း(၆၀၅)စတုရန်းပေရှိသော Apartment တိုက်ခန်းကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးသန်းထိုက်ဖြိုး(ဘ) ဦးကြည် ၉/မရမ(နိုင်)၀၈၉၂၆၂ မှ ဝယ်ယူသူသို့ လွှဲပြောင်းရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းဌေး က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ Apartment တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်စန်းမောင်(LL.B) (စဉ်-၁၂၀၂၁)**
**ဒေါ်မွန်မွန်လှိုင် (LL.B) (စဉ်-၁၄၀၃၃)**
**တရားလွှတ်တော်ရှေ့နေများ**
**နန်းမတော်လမ်း၊ လေးစုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၅၁၁၁၅၅၆၀၊ ၀၉-၂၅၉၀၈၈၆၅၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် (8K/9979) Yan Naing L/T, P/U(4x2)(R) ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန ၊ တိုင်းရုံး (မကွေး)**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်း၊ ရောချမ်းသာအဆင့်မြင့်ကွန်ဒို၊ တိုက်အမှတ်(7A)၊ အခန်းအမှတ်-(16#153) ကွန်ဒိုတိုက်ခန်းအပါအဝင် ယင်းကွန်ဒိုတိုက်ခန်းနှင့်သက်ဆိုင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးရဲထွန်း (၁၂/တမန(နိုင်)၁၄၉၂၃၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေပိတောက်(၁၂/ဗဟန(နိုင်) ၀၉၁၃၆၉)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည့်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃) ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆) ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M)(စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**တိုက်(၁၁/၁၂) ပထမထပ်၊ အခန်း(၁၀၄/H၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉ -၄၄၃၀၂၆၁၉၉၊ ၀၉- ၇၃၀၂၆၁၉၉**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်(စံပြ) ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၃၄) ဟုခေါ်တွင်သော (၁)ခန်းတည်း (၇)ထပ်တိုက်၏ ၆ လွှာ၊ အကျယ်အဝန်း(၂၅ပေXပေ၅၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ဦးမြခင်(၁၁/ရသတ(နိုင်)၀၃၃၇၄၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေးမိုး(၁၁/ပဏတ(နိုင်)၀၆၈၈၆၉)က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းခရိုင်၊ မြင်းမူမြို့၊ အာသောကရပ်ကွက်၊ ကွင်း/ အကွက်အမှာ်နှင့်အမည် (၂ / နေရပန်)၊ ဦးပိုင်အမှတ်(၃၉)၊ မြေဧရိယာ(၀.၁၀၃)ဧကရှိမြေသည် မတင်မေသန်း၊ မဝင်းမင်းသန်း၊ မကေသွယ်အောင် တို့အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့ပြီး သက်တမ်းမှာ (၁၂-၄-၁၉၉၅) မှ (၁၁-၄-၂၀၂၅)အထိဖြစ်ကာ မြင်းမူမြို့နယ်မြေစာရင်းဦးစီးဌာနတွင် (၁က)စာရင်းရေးသွင်းမှတ်သားပြီးဖြစ်ပါကြောင်းနှင့် မြေငှားဂရန်မူရင်းသည် နေအိမ်ပြောင်းရွှေ့ရာတွင် အထားမှား၍ ပျောက်ဆုံးသွားပါသည်။ ယခုအခါ မြေငှားဂရန်သက်တမ်းသည် ကုန်ဆုံးကျော်လွန်နေသည်ဖြစ်ပါသဖြင့် မတင်မေသန်း၊ မဝင်းမင်းသန်း၊ မကေသွယ်အောင် တို့အမည်ဖြင့်ပင် မြေငှားဂရန်မူရင်းမိတ္တူမှန် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မတင်မေသန်း၊ မဝင်းမင်းသန်း၊ မကေသွယ်အောင်**
**အာသောကရပ်ကွက်၊ မြင်းမူမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ညောင်ပင်စောက်ကျေးရွာနေ ကျွန်တော် ဦးသန်းမောင် (၉/အမရ(နိုင်)၀၂၈၅၈၄)အမည်ပေါက်ပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဆောက်တောဝကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၅၈၁ဃ/မင်းရွာတောင်)၊ ဦးပိုင်အမှတ်(၁၉/၂+၂၂က/၂)၊ ဧရိယာ(၂ဒသမ၂၅+၃ဒသမ၂၇)ဧကရှိ လယ်မြေကွက်များ၏ လယ်ယာမြေပုံစံ(၇)မူရင်းတို့မှာ အိမ်အရွှေ့အပြောင်းတွင် ပျောက်ဆုံးသွားပါသဖြင့် မူရင်းခွဲလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြေညာပါသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူရှိမပါက သက်ဆိုင်ရာရုံးဌာန၌ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ဦးသန်းမောင်(ဘ) ဦးလှဖေ (၉/အမရ(နိုင်)၀၂၈၅၈၄)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၁၄

၁။ ဦးရန်အောင် နှင့် ဒုတပ်ကြပ် အောင်စိုး
၂။ ဒေါ်ရွှေရွှေ
**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၁၁၅ ဘီလမ်း၊ ၄၉x၅၀ လမ်းကြား၊ အမှတ်(မမ–၅/၁၁)၊ မြရည်နန္ဒာရပ်ကွက်နေ ဒုတပ်ကြပ် အောင်စိုး(ဘ) ဦးမြမောင် ၉/မနမ(နိုင်)၀၈၈၆၄၀ ( ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးရန်အောင် နှင့် ဒေါ်ရွှေရွှေ တို့က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၈၉–၈ )၊ ဦးပိုင်အမှတ်(၇၂)၊ ဧရိယာ (၀.၀၅၅၁) ကေ အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ( ၁၀ )ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇင်မာဝေ)
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ရန်မျိုးအောင်ရပ်နေ (ဘ)ဦးတင်အောင်၏သမီး ကျွန်မ ဒေါ်ဆုဆုမြတ်နိုး ၉/မထလ(နိုင်)၃၂၅၈၅၉နှင့် ဝမ်းတွင်းမြို့၊ အမှတ်(၁)ညောင်ပင်ရပ်နေ (ဘ)ဦးမျိုးထွန်းဝင်း၏သား ဦးနောင်မျိုးလွင် ၉/ဝတန(နိုင်)၁၇၀၀၂၉ တို့သည် (၁၀–၉–၂၀၂၆)ရက်တွင် အသိသက်သေများရှေ့မှောက်၌ မြန်မာ့ဓလေ့ ထုံးတမ်းနှင့်အညီအကြင်လင်မယားအဖြစ်မှနှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦးမည်သို့မျှပတ်သက်ဆက်နွှယ်မှုအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဒေါ်ဆုဆုမြတ်နိုး၊၉/မထလ(နိုင်)၃၂၅၈၅၉**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ Grade–10 တွင် ပညာသင်ကြားနေသော မောင်ဝေဇင်ထက် ၏ ဖခင်အမည်မှန်မှာ ဦးခင်ဆောင် ၅/ရဘန(နိုင်)၂၁၅၂၀၅ ဖြစ်ပါကြောင်း။ **ဦးခင်ဆောင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂–၇–၂၀၂၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၀)ပါ ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) ၏ ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 4w/52664 အစား 4w/52564 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးကျေးရွာနေ ဒေါ်သန်းသန်းမြင့် (ဘ) ဦးအောင်သန်းမှ ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည်–၄၇၄^က^ကျီးချောင်းကွင်း၊ မြေကွက်အမှတ်(၆၈၇/၁၂၈၇)၊ မြေဧရိယာ (၀.၁၃)ဧကရှိမြေကို မြေငှားဂရန်(အသစ်) လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်လွှာထည့်သွင်းသည့်ရက်မှ (၁၅)ရက်အတွင်း နောက်ဆုံးထား၍ ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဒေါ်တင်တင်လှမှ မြေငှားဂရန် (အသစ်)လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့၊ ကတုတ်ဘုရားကြီးကျေးရွာ၊ ကန်ညီနောင်ကျေးရွာနေ ဒေါ်တင်တင်လှ (ဘ)ဦးသိန်းအောင် ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်– (၄၇၀)ဘုရားကြီးကွင်း၊ ဦးပိုင်အမှတ်–(၂၁^က^) ရှိ မြေဧရိယာ (၀.၁၉)ဧကရှိမြေကို မြေငှားဂရန်(အသစ်) လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်လွှာထည့်သွင်းသည့်ရက်မှ (၁၅)ရက်အတွင်း နောက်ဆုံးထား၍ ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဒေါ်တင်တင်လှမှ မြေငှားဂရန် (အသစ်)လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ (၆)ရပ်ကွက်၊ နောင်အင်လမ်းသွယ်(၁)၊ အမှတ်(၃/၂၂၇)နေ ဒေါ်ခင်မြသွေး(၁၃/တကန (နိုင်)၁၈၁၇၂၄ )၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ် (၁၅) ၊ အကွက်အမည် (နောင်အင်ဘုန်းကြီးကျောင်း ) ၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ (၀.၁၀၄)၊ ဂရန်အမှတ်အမှတ်(၆၅၅/၁၉၉၄) ဒေါ်သန်းအမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ၅–၁–၂၀၂၀ ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်ခင်မြသွေးက ဝယ်ယူခဲ့ပါသည်။ ဒေါ်ခင်မြသွေး အမည်ပေါက် အမည်ပြောင်း မြေငှားဂရန် ပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် လာရောက်ချုပ်ဆိုပေးပါရန် ဒေါ်သန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

သတ်မှတ်ထားသည့် ရက်အတွင်း လာရောက်ချုပ်ဆိုပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဦးအောင်ဌေး တရားလွှတ်တော်ရှေ့နေ(စဉ်–၈၇၅၆ )**
**စ/၂၈၉ ၊ သပြေလမ်း၊နယ်မြေ (၆)၊စဝ်စံထွန်းရပ်ကွက်၊ တောင်ကြီးမြို့။**
**ဖုန်း–၀၉–၄၁၀၀၂၇၅၃**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (မြို့သစ်)မှ Grade–11 တွင် ပညာသင်ကြားနေသော မပိုပိုစံ၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးထွန်း (၉/မတရ(နိုင်)၁၇၄၄၆၄) ဖြစ်ပါကြောင်း။ **ဦးအောင်မျိုးထွန်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ အ–လ–က (သဲမဲ) ၂၀၂၆–၂၀၂၇ ပညာသင်နှစ် Grade–7၌ပညာသင်ယူလျက်ရှိသည့် မောင်ထက်ရန်နိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွေး ၇/ပတတ(နိုင်)၁၁၃၈၇၁ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းထွေး**

## အမည်တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ရုံးပင်ကျေးရွာအုပ်စု၊ ငှက်ပျောတောကျေးရွာနေ မဖြိုးရတနာကျော်၏ ဖခင်အမည်မှာ ဦးအေးမင်း(ခ)ဦးအေးမင်းထွန်း ၉/လဝန(နိုင်)၁၈၁၀၁၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးအေးမင်း(ခ)ဦးအေးမင်းထွန်း**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မနန်းကျော့ခိုင် ၏ဖခင် ဦးဆန်းနိုင် ၏ အမည်မှန်မှာ ဦးစန်းနိုင် ၉/ရမသ(နိုင်) ၁၃၀၂၈၈ဖြစ်ပါကြောင်း။
**ဦးဆန်းနိုင်(ခ)ဦးစန်းနိုင်**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(အရှေ့)မြို့နယ်၊ (၁၂၆)ရပ်ကွက်၊ နဝဒေး(၁)လမ်း၊ အမှတ် ၃၅၆ နေ (ဘ) ဦးအောင်မင်း ၏သမီး မသီသီစိုး(ခ)မဟန်နာ(၁၂/ဒဂရ(နိုင်)၀၄၂၁၆၃)၏ လွှဲအပ်ညွှန်ကြားချက်ဖြင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ မသီသီစိုး(ခ)မဟန်နာသည် အွန်လိုင်း(Online) (tiktok, telegram, facebook) အစရှိသည့်အပေါ်၌ အဝတ်အထည်များကို ရောင်းချနေသူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ နာမည်၊ ဓာတ်ပုံများကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုကာ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် အရှက်ရစေရန်၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် စကားလုံးများကို ရေးသားပြောဆိုမှုများ၊ မဟုတ်မမှန်သော သတင်းများလွှင့်ခြင်း၊ ကြော်ငြာခြင်း၊ အတုပြုလုပ်ခြင်း၊ ဓာတ်ပုံများကို ကူးယူခြင်းများကို အွန်လိုင်းပေါ်၌ဖြစ်စေ၊ ဆက်သွယ်ရေးကွန်ရက်များ၌ဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြုလုပ်နေကြပါသည်။ အဆိုပါရေးသားပြောဆိုနေသူများအား သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မသီသီစိုး(ခ)မဟန်နာ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မျိုးခမ်းအောင်(LL.B, LL.M) အထက်တန်းရှေ့နေ(စဉ်–၄၉၄၁၁)**
**အမှတ်(၂၁၈)၊ ဗိုလ်မင်းရောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ Ph–09–881165811**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ ရပ်ကွက်(၉)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၈၉/မျက်ရဲအင်းအနောက်)၊ ဦးပိုင်အမှတ် (၆၀/၂)၊ မြေကွက်အမှတ် (37.46)၊ ဧရိယာ ၀ ဒသမ ၂၀၆ ဧကရှိမြေအား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ အမှုတွဲအမှတ်(၉၇/၂၀၂၀)အရ နှစ်(၃၀)သက်တမ်းရှိ အမည်ပြောင်းဂရန်အား ဒေါ်အေးအေးလွင် အမည်ဖြင့် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ ယခုအခါ ယင်းမြေကွက်တွင် The Empress Hotel အမည်ဖြင့် ဟိုတယ်လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်လိုပါသဖြင့် ဒေါ်အေးအေးလွင် (၁၄/ဟသတ(နိုင်) ၀၅၄၅၂၃)မှ မြေငှားဂရန် (စက်မှု/စီးပွား) ပြန်လည် လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကလောမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမ၊ ပြည်တော်သစ်အိမ်ရာ၊ အခန်းအမှတ် (၁၁၀၁)၊ (၁၁–လွှာ)၊ အကျယ်အဝန်း (၇၉၀)စတုရန်းပေရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးဇော်မင်း(၁၀/မလမ(နိုင်) ၁၅၁၄၆၆)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ပြုသော တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း၊ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ကျော်**
**LL.B.,B.A(Business Law).,C.B.L., DL.101 WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၈၇၉)**
**အမှတ်(၇၈)ပထမထပ်၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်မြို့။Ph: 09–5045140, 09–250729155**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/64409, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆော်မိုး ၂/ဖရဆ (နိုင်)၀၀၀၅၇၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/18002, Honda Dream –125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာဝင်း ၂/လကန(နိုင်)၀၀၅၀၉၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် (၇၉)၊ ဦးပိုင်အမှတ် (၂–ဓ)၊ ၁၄လမ်း၊ ၈၈x၈၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးထွန်းသိန်းဦး၊ ဒေါ်ငုဝါစံတို့ (၂)ဦးထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၅၆၅/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်တင်ရီ ၉/အမဇ(နိုင်)၀၁၁၉၁၅၇က အမှုတွဲအမှတ် (၂၁၁၈/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၃)၊ ဦးပိုင်အမှတ် (၁၃၄/က)၊၂၆X ၂၈ကြား၊ ၅၈X ၅၉လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျင်စိန် ၉/မရမ(နိုင်)၀၅၉၉၀၇က အမှုတွဲအမှတ်(၂၃၂၂/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၃/၃)၊ ဦးပိုင်အမှတ် (၄၉၄–ခ+၄၉၈–က)၊ ၂၉လမ်း၊ ၅၄x၅၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးဝေ၏ (SP ရရှိသူ ဒေါ်အုန်းငွေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၀၃၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်စန်း ၉/မကန(နိုင်) ၁၂၂၂၉၆က အမှုတွဲအမှတ် (၂၃၁၉/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တူအဖြစ်မှ မသက်ဆိုင်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ဆကာကြီးကျေးရွာ၊ (၂)ရပ်ကွက်နေ ကျွန်မ ဒေါ်ခင်သန်း (၁၄/ဓနဖ (နိုင်)၀၁၆၃၈၅) ၏တူအရင်းဖြစ်သူ ကိုလူဇော်(၁၄/ဓနဖ(နိုင်)၀၉၂၄၄၃)သည် ကာလကြာရှည်ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ပြုလုပ်နေသည့်အတွက် ယနေ့မှစ၍ တူအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စရပ်ကိုမျှ တာဝန် ယူမည်မဟုတ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်း (၁၄/ဓနဖ(နိုင်)၀၁၆၃၈၅)**
**(၂)ရပ်ကွက်၊ ဆကာကြီးကျေးရွာ၊ ဓနုဖြူမြို့နယ်**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ လူနေရပ်ကွက်အမှတ်(၇)၊ ရာဇသူရလမ်း၊ မြေကွက်အမှတ်(၁၁၂၄)၊ အကျယ်အဝန်း(အလျား ပေ ၂၀ xအနံ ပေ ၆၀)ရှိ ဦးမြင့်ဝင်း+၁ အမည်ပေါက် မြေငှားဂရန်မြေကွက်ကြီးအနက်မှ မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း (အလျား ၁၀ပေ x အနံ ပေ၆၀ )ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်သူ ဦးမြင့်ဝင်း(ကွယ်လွန်)၏ ဇနီးဖြစ်သူ ဒေါ်ဝင်းမာ ၁၂/ဥကတ(နိုင်) ၁၂၄၂၁၇ မှ တရားဝင် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု ပြောဆိုရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်မိုးမိုးဝင်း၊ ၁၂/ဗဟန(နိုင်)၀၀၀၄၀၇မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့် အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူမွန်မောင် (LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၆၇၉)**
**အမှတ်(၄၇၂)၊ သုမာလာ(၇)လမ်း၊(၂)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉– ၇၉၅၁၆၅၆၉၇**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥမ္မာ(၁၄/ကပန(နိုင်)၁၀၃၁၃၅)သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၉–ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ်– ၁၄၄၆၊ ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ မြေအကျယ်အဝန်းပေ (၄၀X၆၀)၊ ဧရိယာ(၀.၀၅၅) ကေ ကျယ်ဝန်းသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင် များဖြစ်ကြသော ဦးစောသမိန်စိုးနှင့် ဒေါ်မေဇော်စိုးဦးတို့ထံမှ နှစ်(၆၀)မြေငှားဂရန်မူရင်းနှင့်တကွ လက်ရောက်ဝယ်ယူထားသူဖြစ်ပါကြောင်းနှင့် ဒေါ်ဥမ္မာ အမည်ပေါက်ရရှိရေးအတွက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရန် အပိုင်ရောင်းချသူများဖြစ်သော အထက်အမည်ပါ အမည်ပေါက်ပိုင်ရှင်များက အရောင်းအဝယ်ပြုလုပ်စဉ်က ကတိပြုခဲ့သည့်အတိုင်း သက်ဆိုင်ရာရုံးဌာနများတွင် လိုအပ်သလို လိုက်ပါဆောင် ရွက်ပေးရန်၊ ကျွန်ုပ်ထံသို့ဖြစ်စေကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ(၂၆–၉–၂၀၂၆)ရက် နောက်ဆုံးထား လာရောက်ဆက်သွယ် ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ဆောင်ရွက်ပေးခြင်းမရှိပျက်ကွက်ပါက အထက်ပါအိမ်နှင့်မြေအား ဥပဒေနှင့်အညီ လိုအပ်သလိုစီမံခန့်ခွဲခြင်းများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ရဲမြင့်LL .B, D.B.L, D.I,L,D.I.P.L တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၅၃)**
**စုပေါင်းရုံးပတ်လမ်း၊ မ. ၀.တလမ်းဆုံ၊ မြို့နယ်တရားရုံးအနီး၊ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း– ၀၉–၄၂၀၀၄၉၆၁၅၊ ၀၉–၇၉၅၉၇၄၉၁၁၊ ၀၉–၉၆၅၄၉၇၉၆၂**

## အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရန်အောင်ရပ်၊ (၁၃)လမ်း၊ အမှတ်–၂၈၅ နေ ဦးသန်းလင်းထိုက် ၈/မကန(နိုင်) ၁၁၄၂၁၈ သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၅) လမ်း၊ အမှတ်–၂၁၁ ပေါ်တွင် ဆောက် လုပ်ဆဲဖြစ်သည့် နှစ်ခန်းတွဲ ခြောက်ထပ်တိုက် အဆောက်အအုံမှ မြေညီထပ်(မြောက်ဘက်ခြမ်း) အကျယ်အဝန်း(၁၂x၅၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ကာလတန်ဖိုးငွေ ကျပ်သိန်း(၁၅၀၀) ဖြင့် အပြေအကြေပေးချေဝယ်ယူ၍ ယခုအချိန်တွင် ပိုင်ရှင်အဖြစ် ကောင်းစွာလက်ရှိထား စောင့်ရှောက်လျက်ရှိပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ မည်သူတစ်ဦး တစ်ယောက်ထံသို့မှ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်းမရှိပါကြောင်းနှင့် ကျွန်တော်၏မိတ်ဆွေ ဦးသန်းလင်းထိုက်သည် တစ်ဦးတည်း အလုံးစုံပိုင်ရှင်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းလင်းထိုက် ၈/မကန(နိုင်)၁၁၄၂၁၈ ၏လွှဲအပ်ချက်အရ –**
**ဦးအောင်သူဖြိုး (LL.B)(C.B L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၃၂၂/၂၀၁၅)**
**အောင်မေတ္တာ(ဘီ)ရပ်ကွက်၊ မကွေးမြို့၊ Ph–09–401561227**

## အမည်မှန်

လှည်းကူးမြို့နယ်၊ မဟော်သဓာကိုယ်ပိုင်အထက်တန်းကျောင်း Grade–(11)မှ (ဘ) ဦးအေးမင်းမောင် ၏သား မောင်စိုင်းခန့်လင်းမောင် အား ယနေ့မှစ၍ စိုင်းခန့်လင်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

အောင်ပန်းမြို့၊ Future star global school Year–3/ Grade–4 မှ မောင်ခွန်သူရနိုင် (ဘ)ဦးကျော်လွင်ဦး ၁၃/ကလန(နိုင်)၀၈၃၂၆၆ အား မောင်သုခပြည့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လွိုင်လင်မြို့နယ်၊ အထက(၃) ပင်လုံမှ လက်ထောက်မူလတန်းပြ ဆရာမ ဒေါ်နွယ်နွယ်ဦး ၁၃/ပလတ(နိုင်)၀၀၃၈၂၆ ၏ဖခင် ဦးလှထွေး(ခ)ဦးကျော်မောင်မြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးလှထွေး(ခ)**
**ဦးကျော်မောင်မြင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လွိုင်လင်မြို့နယ်၊ အထက(၃) ပင်လုံမှ လက်ထောက်မူလတန်းပြ ဆရာမ ဒေါ်မြသီတာအေး ၁၃/ ပလတ(နိုင်)၀၁၁၃၅၆၏ဖခင် ဦးသီဟံထွန်း(ခ)ဦးသီဟန်ထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးသီဟံထွန်း(ခ)**
**ဦးသီဟန်ထွန်း**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/8665 ၏ ဖောင်းကြွနံပါတ်ပြား (၁) ချပ် ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်း ကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

## သီပေါမြို့နယ်စည်ပင်သာယာရေးဌာန
## သီပေါမြို့ ပုဂ္ဂလိကအမှိုက်နှင့် မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် နမ့်လန်ကျေးရွာ ပုဂ္ဂလိကအမှိုက်သိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းတို့အတွက် ဦးစွာစိတ်ဝင်စားမှုအဆိုပြုလွှာ Expression of Interest (EOI) ခေါ်ယူခြင်း

၁။ သီပေါမြို့ ပုဂ္ဂလိကအမှိုက်နှင့်မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှုလုပ်ငန်းနှင့် နမ့်လန်ကျေးရွာ ပုဂ္ဂလိကအမှိုက်သိမ်းဆည်းရေးလုပ်ငန်းတို့အား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (၁၀၀%) ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် ဦးစွာစိတ်ဝင်စားမှုအဆိုပြုလွှာ Expression of Interest (EOI) တင်သွင်းရန် ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းသူများအနေဖြင့် မိမိဆောင်ရွက်မည့် အဆိုပြုလုပ်ငန်းများနှင့်ပတ်သက်၍ သတ်မှတ်သည့်ရက်အတွင်း (EOI) စိစစ်ရွေးချယ်ရေးအဖွဲ့ထံ ရှင်းလင်းတင်ပြရမည်။

၃။ ရွေးချယ်ခံရသည့်အဆိုပြုလွှာကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၄။ စိတ်ဝင်စားမှုအဆိုပြုလွှာပုံစံနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့်လုပ်ငန်းများအတွက် လိုအပ်သည့်အခြေခံအချက်များကို (၁၃- ၉ -၂၀၂၆) ရက်မှ (၂၇-၉-၂၀၂၆)ရက်အထိ သီပေါမြို့နယ်စည်ပင်သာယာရေးဌာနတွင် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး အဆိုပြုလွှာများကို (၂၈-၉-၂၀၂၆ )ရက် ညနေ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ သီပေါမြို့နယ်စည်ပင်သာယာရေးဌာနတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက သီပေါမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ (ဖုန်း-၀၉-၄၄၉၂၃၇၉၄၂)၊ ဦးစီးအရာရှိ (ဖုန်း-၀၉-၂၅၇၀၇၆၅၆၂) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သီပေါမြို့နယ်စည်ပင်သာယာရေးဌာန**

## ဖခင်အမည်မှန်

ဖျာပုံမြို့နယ်၊ အမာမြို့၊ အထက (တယ်ပင်ဆိပ်) ဒွါဒသမတန်းမှ မအိမ့်နဒီချစ်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နွယ်ယု(၁၄/ဘကလ(နိုင်)၂၀၂၈၁၂) ဖြစ်ပါကြောင်း။

**ဦးမြင့်နွယ်ယု**
**(၁၄/ဘကလ(နိုင်)၂၀၂၈၁၂)**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ဒေါဝါး) Grade-12 မှ မောင်သက်ပိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ စောအောင်လွင် ၁၄/ပတန(နိုင်)၁၅၁၉၄၄ ဖြစ်ပါကြောင်း။

**စောအောင်လွင်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အလန်းကြီး (၁) အခြေခံပညာအလယ်တန်းကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မပြည့်ဖြိုးသဇင်၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင်(၁၄/မအပ(နိုင်)၂၄၆၇၃၃) ဖြစ်ပါကြောင်း။ **ဦးအောင်အောင်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အလန်းကြီး (၁) အခြေခံပညာအလယ်တန်းကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မဝေဝေမြင့်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် (၁၄/မအပ(နိုင်)၂၅၃၅၀၃) ဖြစ်ပါကြောင်း။ **ဦးမောင်နိုင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)ရှိ ဒေါ်ဌေးဌေးဝင်း (ဘ) ဦးသာလှိုင် ၉/တသန(နိုင်)၀၄၀၇၆၉ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (၁၈၀၂)၊ ဧရိယာ (၀.၀၈၂) ဧကအား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးကျော်ဇော်ဦး (ဘ)ဦးကျော်သန်း ၅/အတန(နိုင်)၀၄၇၂၅၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ မြေကွက်အမှတ်(၁၁၆၈)၊ အကျယ်အဝန်းပေ(၄၀x၆၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒုအရာခံဗိုလ်ဘမြင့် အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်လွင် (၁၂/ဒလန(နိုင်)၀၃၅၇၀၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထား(စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်မာသီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၉-၄၂၅၂၈၆၀၄၂/၀၉-၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့၊ ဖအောင်ဝဲရပ်ကွက်နေ ဦးအောင်ကိုကို(၂)ဦး(ဘ)ဦးသိန်းဟန်မှ ဒိုက်ဦးမြို့နယ်၊ ဖအောင်ဝဲရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်-(၄၇၅) ဖအောင်ဝဲမြောက်၊ ဦးပိုင်အမှတ်(၂၃၅/၁+၂၃၆)၊ မြေဧရိယာ(၀.၉၇)ဧကရှိမြေကို မြေငှားဂရန်(အသစ်) လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်လွှာထည့်သွင်းသည့်ရက်မှ (၁၅) ရက်အတွင်း နောက်ဆုံးထား၍ ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဦးအောင်ကိုကို ပါ (၂) ဦး မြေငှားဂရန်(အသစ်) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့၊ ကတုတ်ဘုရားကြီးကျေးရွာနေ ဦးနေမျိုးထွဋ်ပါ (၂)ဦး (ဘ) ဦးသိန်းအောင်မှ ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၄၇၅က)၊ လက်ခုပ်ကွင်းမြောက်၊ မြေကွက်အမှတ်(၆၁၇/၁၃၁၃)ရှိ မြေဧရိယာ(၀.၃၂) ဧကရှိမြေကို မြေငှားဂရန်(အသစ်) လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်လွှာထည့်သွင်းသည့်ရက်မှ (၁၅) ရက်အတွင်း နောက်ဆုံးထား၍ ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဦးနေမျိုးထွဋ်ပါ (၂)ဦး မြေငှားဂရန်(အသစ်) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ (၆)ရပ်ကွက်၊ နောင်အင်လမ်းသွယ်(၁)၊ အမှတ်(၃/၂၂၇) နေ ဒေါ်ခင်မြသွေး(၁၃/တကန(နိုင်)၁၈၁၇၂၄)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

တောင်ကြီးမြို့နယ် ၊အေးသာယာမြို့၊ အကွက်အမှတ် ( ၈၇ )၊ အကွက်အမည်(မုံတဝရွာမြောက်)၊ ဦးပိုင်အမှတ်(၁၂၃)၊ ဧရိယာ (၀.၅၆)၊ ဂရန်အမှတ်တွဲအမှတ် (၃၁၈/၁၉၉၄) ဦးမောင်သိန်းလှ အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ၁၀-၁-၂၀၂၁ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်ခင်မြသွေးက ဝယ်ယူခဲ့ပါသည်။ ဒေါ်ခင်မြသွေး အမည်ပေါက် အမည်ပြောင်း မြေငှားဂရန် ပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် ဤကြေညာပါသည့်ရက်မှ (၁၄) ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် လာရောက်ချုပ်ဆိုပေးပါရန် ဦးမောင်သိန်းလှ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

သတ်မှတ်ထားသည့်ရက်အတွင်း လာရောက်ချုပ်ဆိုပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးအောင်ဌေး တရားလွှတ်တော်ရှေ့နေ ( စဉ် - ၈၇၅၆ )**
**စ/၂၈၉ ၊ သပြေလမ်း၊နယ်မြေ (၆)၊စဝ်စံထွန်းရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၁၀၀၂၇၅၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန် အရှေ့ရပ်)၊ မြေကွက် အမှတ်(A - ၁၈၆)၊ မြေဧရိယာ(၀.၂၂၉)ဧကရှိ ဒေါ်စုစုမာ(ဘ)ဦးတင်ငွေ ၁၀/သထန(နိုင်)၁၀၇၄၀၇ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်စုစုမာမှ ဒေါ်ပေရယ်မြတ်ပြည့်ဖြူ(ဘ)ဦးခင်မောင်သန်း ၁၂/ဒပန(နိုင်)၀၅၂၃၃၉နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/59043, Yunde 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ရှိန် ၇/ပမန(နိုင်) ၂၅၉၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/85939 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ကျော် ၉/တကန(နိုင်)၁၃၃၀၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်(78W/6648), Shayan-125 , M/C ယာဉ်လက်ဝယ်ရှိသူ. San Myat Zaw Co;ltd က (ကမ-၃) ပျောက်မိတ္တူလျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် (80W/76367), Honda Click-125 ယာဉ်လက်ဝယ်ရှိသူ Khin Thet Htar Co;ltd က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ဖခင်အမည်မှန်

မန္တလေးမြို့ "စံဟိန်း" ပညာရေးကိုယ်ပိုင်အထက်တန်းကျောင်းတွင် (၂၀၂၆-၂၀၂၇) ပညာသင်နှစ် Grade-12 တွင် ပညာသင်ကြားနေသော မောင်သိန်းထိုက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်လတ် အမည်ဖြင့် ကျောင်းပြောင်းလက်မှတ်တွင် ပါရှိခဲ့သည့်အတွက် ဖခင်အမည်မှန်မှာ ဦးလတ် ၈/နမန(နိုင်)၁၂၇၄၂၂ ဖြစ်ပါကြောင်း။

**ဦးလတ်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်သူ့ကွက်သစ်(၁)လမ်း၊ အမှတ်(၆)နေ ဦးသက်ပိုင်မှူးကျော် (ဘ) ဦးကျော်ဝင်းမြင့် (၇/လပတ(နိုင်) ၁၂၇၆၇၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးသက်ပိုင်မှူးကျော်သည် "Scentara" Eau De Toilette ဟူသော ကုန်တံဆိပ်အမည် အမှတ်အသားဖြင့် ရေမွှေးမျိုးစုံတို့ကို (၄-၂-၂၀၂၆) ရက်မှစတင်၍ ထုတ်လုပ်ခဲ့ပြီး (၂၇-၈-၂၀၂၆)ရက်မှစ၍ ထုတ်လုပ်ဖြန့်ချိရောင်းချခွင့်မူပိုင်ခွင့်အား ရရှိပြီးဖြစ်ကြောင်း အကယ်၍ အဆိုပါမူပိုင်ခွင့်ရရှိထားသည့် ကုန်တံဆိပ်အမှတ်အသားအား အခြားတစ်ဦးဦးမှ ပုံတူပုံမှားဆင်တူယိုးမှားတုပပြုလုပ် သုံးစွဲသည်များကို တွေ့ရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးသက်ပိုင်မှူးကျော်** | **ဒေါ်သက်စုဝင်း အထက်တန်းရှေ့နေ (စဉ်-၄၅၇၃၁)** |
| | **ဖုန်း-၀၉-၉၆၃၈၂၂၃၁၂** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် ၊ (၁၄/စီမံကိန်း-၂)ရပ်ကွက်၊ ရတနာလမ်းသွယ်၊ မြေကွက်အမှတ်(၁၉၇/ခ)ဟုခေါ်တွင်သော မြေပေါ်တွင် မြေရှင် ဦးမြင့်ဆွေနှင့် ကန်ထရိုက်တာ ဦးဇော်မင်းတို့ အခန်းပေးအခန်းယူဆောက်လုပ်ထားသော(၁)ခန်းတွဲ၊(၆)ထပ်တိုက် တိုက်ခန်းများအနက်မှ ကန်ထရိုက်တာ ဦးဇော်မင်းရရှိသည့် အခန်းဖြစ်သော (၆လွှာ-ပဥ္စမထပ်)၊ အကျယ်အဝန်း (၂၃ပေx၆၂ပေ)တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ယခုရောင်းချသူ (ကန်ထရိုက်တာ-ဦးဇော်မင်း)(၁၂/လမန(နိုင်)၁၂၉၂၂၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသီဟအောင် (၁၂/စခန(နိုင်)၀၆၇၈၁၄)က အပြီးအပိုင်ဝယ်ယူ ရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်နိုးခင် (LL.B) အထက်တန်းရှေ့နေ( စဉ်-၅၃၁၅၀)**
**အမှတ်(၄၆၀)၊မာဃ(၁၅)လမ်း၊(၁၂)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၇၄၀၄၇၅၃၁**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ အနော်ရထာလမ်း၊ အမှတ်(၄၅၃)တွင် နေထိုင်သူ ဒေါ်ရီ (ဘ)ဦးဘထွန်း (မိ)ဒေါ်ရွှေမြတို့၏သမီးဖြစ်သူ ဒေါ်ရီ(၇/ပခန(နိုင်)၁၄၃၁၃၀) အသက်(၉၃)နှစ်၊ ဗမာလူမျိုး/ဗုဒ္ဓဘာသာကိုးကွယ်သူသည် ဦးမြဒင်(ဘ)ဦးဘိုးလှိုင်နှင့် အိမ်ထောင်ပြုခဲ့ပြီးနောက် သားသမီး(၅)ဦးထွန်းကားခဲ့ပြီး ၎င်းတို့အနက်မှ စတုတ္ထမြောက်သားဖြစ်သူ ဦးမေဒေး(ဘ)ဦးမြဒင်(၇/ပခန(နိုင်)၀၂၈၀၈၀) သည် လွန်ခဲ့သော(၂၂-၆- ၂၀၂၆) ရက်တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ သားဖြစ်သူ ဦးမေဒေး၏ကျန်ရစ်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်း/မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ ငွေကြေးပိုင်ဆိုင်မှုကိစ္စအဝဝသည် မိခင်အရင်းဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီနှင့်သာ သက်ဆိုင်ကြောင်းနှင့် ဦးမေဒေး၏ကိစ္စအဝဝကို စီမံခန့်ခွဲခွင့်ရှိသူဖြစ်ကြောင်း၊ သားဖြစ်သူ ဦးမေဒေးသည် အိမ်ထောင်မရှိ လူပျို(လူလွတ်)တစ်ဦးဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ မွေးစားထားခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **(လွှဲအပ်ညွှန်ကြားသူ)** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ရီ(ဘ)ဦးဘထွန်း** | **ဒေါ်မြမာလာ(LL.B)** |
| **၇/ပခန(နိုင်)၁၄၃၁၃၀** | **အထက်တန်းရှေ့နေ(စဉ်-၅၃၉၉၄)** |
| | **ပ-၃၂၃၇၃၊ ငုရွှေဝါလမ်း၊ ဝဏ္ဏဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊** |
| | **ဖုန်း-၀၉-၄၀၀၄၂၉၅၉၇၊၀၉-၆၉၃၀၀၉၅၈၆** |

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့၊ ကတုတ်ဘုရားကြီးကျေးရွာနေ ဒေါ်ထိုက်ထိုက်ငယ်(ဘ)ဦးသောင်း မှ ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်-(၄၇၅ခ)၊ လက်ခုပ်ကွင်း၊ ဦးပိုင်အမှတ်-(၄၄/၁)၊ မြေဧရိယာ(၀.၉၆)ဧကရှိ မြေကို မြေငှားဂရန်(စက်မှု/စီးပွားအသစ်)လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်လွှာထည့်သွင်းသည့်ရက်မှ (၁၅) ရက်အတွင်း နောက်ဆုံးထား၍ ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဒေါ်ထိုက်ထိုက်ငယ်မှ မြေငှားဂရန်(စက်မှု/စီးပွားအသစ်)လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး (အနောက်)၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ အ-ထ-က(ရှားပေါင်)၌ ပညာသင်ယူလျက်ရှိသည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် Grade.12 မှ မနှင်းပုလဲ၏ ဖခင်အမည်မှန်မှာ ဦးဝင်းထွန်းနိုင် ၇/ပတတ(နိုင်)၀၈၉၇၆၆ ဖြစ်ပါကြောင်း။ **ဦးဝင်းထွန်းနိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့၊ ကတုတ်ဘုရားကြီးကျေးရွာနေ ဦးနေမျိုးထွဋ်ပါ (၂)ဦး (ဘ) ဦးသိန်းအောင်မှ ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၇၅က) လက်ခုပ်ကွင်းမြောက်၊ မြေကွက်အမှတ်(၆၁၇/၁၃၁၀) မြေဧရိယာ (၀.၀၉)ဧကရှိမြေကို မြေငှားဂရန်(အသစ်)လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်လွှာထည့်သွင်းသည့်ရက်မှ (၁၅) ရက်အတွင်း နောက်ဆုံးထား၍ ဒိုက်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဦးနေမျိုးထွဋ်ပါ(၂)ဦးမှ မြေငှားဂရန်(အသစ်) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့**

## အမည်မှန်

ရေကြည်မြို့နယ်၊ အထက-မြို့မကျောင်း Grade-12 တန်းမှ ဦးမြင့်ကျော် ၏သား အမည်မှန်မှာ မောင်စံဝတီ ဖြစ်ပါကြောင်း။

**မောင်စံဝတီ**

## အများသိစေရန်ကြေညာချက်

တောင်ကြီးမြို့၊ ဟော်ကုန်းရပ်ကွက်၊ နယ်မြေ(၂) မြတ်လေးလမ်း၊ အမှတ်(၄၉)နေ ဒေါ်မိုးမြမြအေး (၁၃/တကန(နိုင်)၀၁၃၀၅၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

တောင်ကြီးမြို့၊ ဟော်ကုန်းရပ်ကွက်၊ မြတ်လေးလမ်း၊ အိမ်အမှတ်(မ/၄၉) ရှိ RC(၄)ထပ်ခွဲ အဆောက်အအုံ၏ မြေညီထပ်လှေကားအနီးကပ်လျက် အရှေ့အနောက်(၉'၈"x၈')၊ အနောက်ဘက်ခြမ်း တောင်မြောက်(၂၂ပေ) ရှိ အခန်းကို (၁၉.၁၁.၂၀၂၀)ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်စာချုပ်အရလည်းကောင်း၊ အဆိုပါအဆောက်အအုံ၏ ဒုတိယထပ်ရှိ အခန်းအကျယ်(ပေ ၂၀x၂၅ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၆-၆-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်အရလည်းကောင်း၊ ယင်းအဆောက်အအုံ၏ တတိယလွှာရှိ Golden Moon Construction Co.,ltd. ပိုင်ဆိုင်ခဲ့သော အရှေ့အနောက်(၄၆ပေ)၊ တောင်မြောက် ပေ (၂၀)၊ အမြင့်(၉ပေ)ရှိ အခန်းတစ်ခန်းတို့အား (၇-၁၂-၂၀၁၀)ရက်စွဲပါ အိမ်ခန်းအရောင်းအဝယ်ကတိစာချုပ်အရ ဒေါ်မိုးမြမြအေးက ဝယ်ယူပိုင်ဆိုင် လက်ဝယ်ရရှိထားပါသည်။

အထက်ဖော်ပြပါတိုက်ခန်းများသည် ဒေါ်မိုးမြမြအေး၏ လက်ဝယ်တွင်ရှိပြီး စီမံခန့်ခွဲခွင့်ရှိသော တိုက်ခန်းများဖြစ်ပါကြောင်းနှင့် ဒေါ်မိုးမြမြအေး သိရှိခြင်းမရှိဘဲ အခြားသို့လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အငှားချထားခြင်းများရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း( LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၃၁)**
**အမှတ်(၄/၂၈)၊ ဟသ်ာလမ်း၊ ကံသာရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း - ၀၉-၄၅၀၀၄၁၁၃၂**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်နေ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ် Grade-12 မှ မနန်းပြည့်မွန်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးရန်ဂျီရှန် ၁၃/ကခန(နိုင်)၀၁၉၂၁၁ ဖြစ်ပါကြောင်း။ **ဦးရန်ဂျီရှန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/89497 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးလင်း ၇/ရတရ(နိုင်)၁၆၃၂၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေရေိယာ (၀.၀၅၅)ဧကေ၊ မြေကွက်အမှတ် (ပ-၃၄၃၄၈) ဒေါ်နှင်းသဇင်(ဘ)ဦးသန်းလွင် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်နှင်းသဇင် ၈/စလန(နိုင်)၁၇၂၄၈၈ (ဘ) ဦးသန်းလွင် မှ ဒေါ်စုလေးညို ၁၂/ဒဂန(နိုင်)၀၂၇၆၃၅ (ဘ) ဦးကျော်ညွန့် ၏အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်းလာရောက် ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီ၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀.၂၃၃)ဧကရှိ မညို၊ မချို အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်နီလာမြင့် ၉/ပမန(နိုင်)၁၂၂၈၄၂ မှ အမွေပုံပစ္စည်း ခွဲဝေခြင်း ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်ဆိုချက်၊ ပတ်ဝန်းကျင် သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ မြို့သစ် မြောက်ရပ်)၊ ဦးပိုင်အမှတ်(၇၁)၊ မြေရေိယာ(၀.၀၉၇)ဧကရှိ ဒေါ်သန်းမြ(ဘ)ဦးဖိုးထွန်း အမည်ပေါက် မြို့မြေကွက်အား ဒေါ်သန်းမြ(ဘ)ဦးဖိုးထွန်း ၉/လဝန (နိုင်)၀၄၉၄၆၇ မှ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထား လာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ ကူးတို့ဆိပ်လမ်းနေ ဦးရဲနိုင်စိုး(ဘ) ဦးကျင်ဝင်း ၁၂/မဂတ(နိုင်)၀၈၅၅၂၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးရဲနိုင်စိုးသည် လူငယ်စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်ပြီး လူငယ်အသိုင်းအဝိုင်းတွင် ကောင်းမွန်သောဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်သူတစ်ဦးဖြစ်ပါသည်။ ထို့အတွက်ကြောင့် လူတစ်ဦးတစ်ယောက်မှ သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုမှသော်လည်းကောင်း ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာထိခိုက်စေရန် ရည်ရွယ်၍ ကျွန်ုပ်မိတ်ဆွေ၏ ဓာတ်ပုံအားကူးယူကာ လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook, Viber,Tiktok, Messenger, Telegram,Youtube အစရှိသော ဆက်သွယ်ရေးနည်းပညာအား အသုံးပြု၍ Online စာမျက်ပေါ်တွင် ဂုဏ်သိက္ခာကျဆင်းစေရန် ရေးသားခြင်း၊ ဖော်ပြခြင်း၊ တစ်ဆင့်ပြန်လည် မျှဝေခြင်း စသည်တို့ကို ဆောင်ရွက်နေမှုများ ပြုလုပ်ပါက ထိုကဲ့သို့ ရေးသားဖော်ပြသူများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေး ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးယုယချစ်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၅၉)**
**ဖုန်း-၀၉-၂၅၂၈၁၉၈၀၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 65W/16680 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ် (ဒ-၂၆၇၀)၊ မြေရေိယာ (၀.၂၂၉)ဧကရှိ ဒေါ်ခက်ခက်ဝေ (ဘ)ဦးဆန်းဝင်း ၇/ညလပ(နိုင်)၂၁၈၁၉၆ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခက်ခက်ဝေ မှ ဒေါ်အေးမီသန်း(ဘ)ဦးဆွေသန်း ၉/ညဥန(နိုင်)၁၄၉၆၄၆၊ ဦးခင်မောင်ကျော် (ဘ)ဦးတင်လှိုင် ၉/ညဥန(နိုင်)၁၃၆၄၃၅ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင် ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက် အမှတ် (ဒ-၁၁၁)၊ မြေရေိယာ (၀.၀၈၂)ဧကရှိ ဦးဘိုနီ(ဘ)ဦးကိုကြီး ၉/လဝန(နိုင်)၀၁၆၂၅၆ အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက်ကို ဦးဘိုနီမှ ဒေါ်သွယ်သွယ်ခိုင်(ဘ)ဦးသိန်းဝေ ၉/လဝန (နိုင်)၂၀၈၃၃၂ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင် လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(M-၁၇၁)၊ ဧရိယာ(၀.၁၁၀)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဦးရဲလင်း ၈/ပခက(နိုင်) ၁၇၂၃၉၇ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်သူသူဝင့်ဇော်(ဘ)ဦးအောင်ဇော် ၁၂/အစန(နိုင်)၁၈၉၃၈၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိ ပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/42525 Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းရီ ၅/ပလန (နိုင်) ၁၀၅၇၈၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/အောင်ဇမ္ဗူ)ရှိ ဦးတင်ဝင်းဇော် (ဘ) ဦးခင်သိန်း ၁၄/ဟသတ(နိုင်)၀၀၄၀၄၀ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(၁၀၃)၊ ဧရိယာ(၀.၁၀၇) ဧက အား အမည်ပေါက်သူ ကွယ်လွန်သွားခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းစိုး (ဘ) ဦးထွန်းငွေ ၇/တငန(နိုင်)၁၀၉၉၅၃ မှ မြေငှားစာချုပ်၊ သေဆုံးမှုလက်မှတ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၆၉၇/ ၂၀၂၆)၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်) ရှိ ဒေါ်ဒေါ်ပုံ(ဘ)ဦးစံမြ ၉/ဇဗသ(နိုင်)၀၁၂၉၅၁ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(၁၂၀၀)၊ ဧရိယာ(၀.၀၈၂)ကေအား အမည် ပေါက်သူ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီ ဒေါ်အေးအေးမော်(ဘ)ဦးဖိုးထော် ၈/ကမန(နိုင်) ၀၅၈၉၅၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်တွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာ မှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/48131 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၈/ရစက(နိုင်)၁၃၃၆၅၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ – ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလ္လကုန်းဈေးကွယ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ တိုက်အမှတ်(၁၉)၊ ဒုတိယထပ်၊ ၃ - လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း( ၁၅ပေ x ၆၀ ပေ) ရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို အရောင်းအဝယ်ကတိစာချုပ်များအရ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်ခိုင်ဦး (၇ / ညလပ(နိုင်)၀၁၆၅၅၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်တင်ဦး (၁၂/စခန(နိုင်)၀၄၅၆၁၃) သည် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေးချေခြင်း ကတိစာချုပ်အရ ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ် တစ်ဒေသကိုပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါတိုက်ခန်း အရောင်း အဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည် အထိဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်တင်ဦး ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးရဲအောင်နိုင်ထူး LL.B** | **ဒေါ်ဖြိုးပိုပို LL.B** |
| **(စဉ်-၁၈၈၀၃)** | **(စဉ်-၂၀၃၆၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ဖုန်း- ၀၉ - ၇၉၁၆၈၆၃၃၄၊ ၀၉ - ၄၅၀၀၄၅၁၈၇**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်BB/8267 Toyota Caldina ST210 Station Wagon (4 x 2) R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၁၂/ကမရ (နိုင်) ၀၃၄၁၅၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ – ၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဦးတင်ညွန့် ၁၂/မဂဒ(နိုင်)၀၄၄၉၃၁ အမည်ပေါက်၊ မြေချပါမစ်အမျိုး အစား ဖြစ်သော ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (တ/၁၅)ရပ်ကွက်၊ ပန်းခြံ (၂၄)၊ ဝင်္ဂဘာလမ်းသွယ်၊ အမှတ် (၄၀၉/ခ)၊ မြေတိုင်းရပ်ကွက်(တ/၄၁)၊ မြေ ကွက် အမှတ် (၄၀၉/ခ) ရှိ (ပေ ၂၀ x ၆၀ပေ) မြေကွက်ကို ဝယ်ယူလက် ရှိထားကြောင်း အဆိုပြုသူ မအင်ကြင်းဝေ ၁၂/ရပသ(နိုင်)၁၂၆၁၇၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပါသည်။ အထက်ပါ မြေကွက် ဝယ်ယူခြင်းအတွက် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါပြီး (၇) ရက် အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု မူရင်းစာရွက်စာတမ်း အထောက်အထားများ ယူဆောင်ပြီးလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်း မရှိပါက ကျန်ငွေများကိုပေးချေပြီး အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

**ဦးမိုးမြင့် ၇/လပတ(နိုင်)၁၄၅၉၀၃ ၏ လွှဲအပ်ချက်အရ-**
**ဒေါ်စန္ဒီအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၁၂)**
**အမှတ်- ၁၆၊ စံပယ်လမ်း၊ (က) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၈၀၁၇၂၃၅**

## ( Facebook Account Ga Ga )ပိုင်ရှင် နှင့် အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၄) ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ် (၁၀၇၃/B) တွင်နေထိုင်သူ ဒေါ်စုမြတ်နိုးဇင်(ဘ) ဦးလှသူ (၁၃/လရန(နိုင်) ၁၆၄၂၀၇)၏ လွှဲအပ်ညွှန်ကြား ချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြော်ငြာအပ်ပါသည်-

